ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်၊ စနေနေ့ (14-6-2008) (၅၇၀၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းခတ်မြို့နယ်ရှိ ပြောင်းခင်းနှင့် သီးနှံခင်းများကို ကြည့်ရှုစစ်ဆေး

ကျိုင်းတုံမြို့နယ် မိုးစပါး စုပေါင်းစိုက်ပျိုးပွဲနှင့် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်

နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီတွင် ဝမ်ခုတ်မြို့ ဘွက်ကုန်းစိုက်ကွက်ရှိ တောင်သူဦးအိုက်ဆိုဒ်၏ ဖြစ်ထွန်းအောင်မြင်နေသော ပြောင်းစိုက်ခင်း နှစ်ဧကကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြောင်းစိုက်ပျိုးရာတွင် ကုန်ကျစရိတ်နည်း၍ အကျိုးအမြတ် များစွာရရှိကြောင်းကို စာရင်းဇယားများပြုလုပ်ပြီး ဒေသခံတောင်သူများ သိရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ တောင်သူဦးအိုက်ဆိုဒ် ကဲ့သို့ ကျန်တောင်သူများအနေဖြင့်လည်း တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု စိုက်ကွင်းအမှတ်(၂၄)၌ ကျင်းပသော ကျိုင်းတုံမြို့နယ် ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး စုပေါင်းစိုက်ပျိုးပွဲသို့တက်ရောက်ရာ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ခင်က ၂၀၀၈-၂၀၀၉ ခုနှစ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု စိုက်ကွင်းအမှတ် (၂၄)၌ ကျင်းပသည့် ကျိုင်းတုံမြို့နယ် ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး စုပေါင်း စိုက်ပျိုးပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ရွာရန်ရာနှုန်း ၈၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ် ဘိုးတီလွတ်ကျေးရွာတွင် မျိုးစပါးရရှိမှုကြောင့် ပျိုးကြဲစိုက်ပျိုးနေ

ရန်ကုန် ဇွန် ၁၃

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ လေဘေးသင့်ခံခဲ့ရသော ဘိုးတီလွတ်ကျေးရွာ၌ ဇွန် ၁၃ ရက်အထိ နိုင်ငံတော်က ပံ့ပိုးပေးသော မျိုးစပါးများဖြင့် ဧက ၂၀၀ ကျော် ပျိုးကြဲစိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း ဘိုးတီလွတ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဖြစ်သူ ဦးတင်ဌေးက ပြောကြားသည်။

ဘိုးတီလွတ်ကျေးရွာ၌ တောင်သူလယ်သမား စုစုပေါင်း ၁၄၁ ဦးရှိပြီး နိုင်ငံတော်က မျိုးစပါးတင်းပေါင်း ၁၂၂ တင်းကျော်ကို ဖြန့်ဖြူးပေးထားနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း မျိုးစပါးများ အမြန်ဆုံး အခမဲ့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ယနေ့ ဆောင်းပါးအညွှန်း

"လေဘေးသင့်ပြည်သူတွေကို ကယ်ဆယ်ကူညီရေးမှာ အလွန်ကျယ်ပြန့်မှု၊ အခက်အခဲအမျိုးမျိုးရှိမှုတွေကြောင့် ဖြစ်ခဲ့ရတဲ့အားနည်းမှုလေးတွေကို တစ်ဆိတ် တစ်အိတ်လုပ်ပြီး 'လူသားများအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုလို့' ခေါင်းစဉ်တပ်ကြွေးကြော်ခဲ့ကြတဲ့ မိုးလုံးပြည့် မုသာဝါဒီသမားတွေဟာ SSA-S ရှက်ဆစ်အဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကုန်းလေမုတ်ကျေးရွာမှာ အစုလိုက် အပြုံလိုက် လူသတ်ပွဲကြီး ကျူးလွန်ခဲ့တဲ့သတင်းကိုတော့ ရေငုံနှုတ်ပိတ်လုပ်နေကြတာ တွေ့ရပါတယ်။ အိပ်ချင်ယောင်ဆောင်နေခဲ့ကြပါတယ်။ သတင်းမှောင်ချထားပါတယ်"

လေ့လာသူတစ်ဦး၏ **"လူမလိမ္မာ ကျွန်မိစ္ဆာ (သို့မဟုတ်) သတင်းမုဆိုးနှင့် မနုဿ မုဆိုးများ"** (ဆောင်းပါး)

စာမျက်နှာ- ၈၊၉

ကြေးမုံ The Mirror

၁၄-၆-၂၀၀၈
(စနေနေ့)

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးရှေးရှု သဘာဝအခြေခံကောင်းများ လက်တွေ့အသုံးပြု

ဒေသတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ခြင်း၊ ရေမြေသဘာဝ သယံဇာတ ပေါများကြွယ်ဝခြင်းတို့သည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည်။

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုကောင်းမွန်ပြီး သစ်တော၊ သတ္တု၊ သားငါး သဘာဝသယံဇာတများ ကြွယ်ဝသည်။ ထို့အပြင် နေရာဒေသအများအပြား၌ စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းများလည်းရှိနေသည်ဖြစ်ရာ လူတို့၏ အတတ်ပညာ၊ လုံ့လဝီရိယစွမ်းအားဖြင့် ကြိုးပမ်းအားထုတ်သည်နှင့်အမျှ ကဏ္ဍအလိုက် တိုးတက်ထွက်ရှိလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်းလုံး လွှမ်းခြုံပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ်ဖော်ဆောင် ပေးလျက်ရှိရာ ယခင်ကာလများက ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည့် ဒေသများသည် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေး စသည်တို့၌ တိုးတက်ကောင်းမွန်နေပြီဖြစ်သည်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်ပိုင်းတွင် တည်ရှိပြီး တောတောင်ထူထပ်သော ဒေသဖြစ်သော်လည်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သဘာဝအရင်းအမြစ်များ ဖော်ထုတ်လုပ်ကိုင်နိုင်ရေး ဖော်ဆောင်ဖြည့်ဆည်းပေးမှုများကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း အပါအဝင် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အခြေခံကောင်းများ ရရှိနေသည်ကို တွေ့ရသည်။

အလားတူ ရခိုင်ပြည်နယ်တွင်လည်း ဆက်သွယ်ရေးလမ်းမကြီးများနှင့် တံတားကြီး၊ တံတားငယ် အသွယ်သွယ်ကို ဖောက်လုပ်တည်ဆောက်ပေးထားရာ ဒေသတွင်းနှင့် အခြားပြည်နယ်နှင့် တိုင်းအသီးသီးသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်လျက်ရှိသည်။ ကမ်းလွန်ပင်လယ်ပြင်တွင် သဘာဝဓာတ်ငွေ့သိုက်များ စီးပွားဖြစ် ထုတ်လုပ်လျက်ရှိသည့်အပြင် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်သောကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းမွန်လျက်ရှိသည်။

ယခုအခါ မြို့ပြ၊ ကျေးလက်နှင့် နယ်စပ်ဒေသတစ်ခွင်တွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိရာ ပြည်သူများ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှု အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီဖြစ်သည်။ တိုင်းရင်းသား ပြည်သူအားလုံးက နိုင်ငံတော်၏ ရေမြေသဘာဝ သယံဇာတ အခြေခံကောင်းများကို စနစ်တကျ ဖော်ထုတ်ပြီး လုံ့လဝီရိယစွမ်းအားဖြင့် လက်တွေ့ကြိုးပမ်း အားထုတ်လုပ်ကိုင်ကြခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

ဇွန် ၁၁ ရက်က ရန်ကုန်မြို့ ၃၂ လမ်း(အလယ်)နေ ဟာဂျီဦးခင်မောင်သန်း(လစန္ဒာပုံနှိပ်မင်နှင့် စက္ကူရောင်းဝယ်ရေးလုပ်ငန်း) က လေဘေးသင့် ရဟန်းသံဃာတော်များအတွက် ဆန်အိတ် ၅၀ ကို မြောင်းမြမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလယ်တောရကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာသီဟထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘိုကလေးမြို့ ပြန်လည်တည်ဆောက်မှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှု

ရန်ကုန် ဇွန် ၁၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၈ ရက် ညနေပိုင်းတွင် ဘိုကလေးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ဖွင့်လှစ်ထားသည့် လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။ အခမ်းအနားတွင် ဒဂုံတင်းဘားကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က ဆေးပစ္စည်းနှင့် စာရေးကိရိယာများ၊ Asia Green ကုမ္ပဏီမှ ဦးမင်းလတ်က အလှူငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့ ကြိမ်ချောင်းကြီးကျေးရွာတွင် လက်တွန်းထွန်စက်များဖြင့် လယ်ထွန်ယက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သစ်တော)

ဝန်ကြီးသည် ဇွန် ၉ ရက် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ ဈေးကြီးအား ပြုပြင်နေမှုနှင့် ဘိုကလေးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေမှု၊ ကျောင်းဆောင်များ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ လေဘေးသင့် လယ်သမားများ အသုံးပြုရန်အတွက် နိုင်ငံတော်မှ ပေးပို့လှူဒါန်းသည့် လက်တွန်းထွန်စက်များ ရောက်ရှိမှု၊ ပဲခူးတိုင်းအရှေ့ပိုင်းမှ လုပ်အားပေး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက သယ်ယူ၊ တပ်ဆင်ပေးနေမှု၊ လယ်သမားများအား စနစ်တကျဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

အားပေးစကားပြောကြား

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘိုကလေးမြို့မှ ရေယာဉ်ဖြင့် စက်ဆန်းကျေးရွာသို့ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်၍ ဆရာဝန်များမှ ဆေးကုသပေးနေမှု၊ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်ပြုပြင်နေမှု၊ ကျေးရွာအတွင်း ပြည်သူများ လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကြိမ်ချောင်းကြီးကျေးရွာ၌ လေဘေးသင့်ပြည်သူများ လယ်စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်နှင့် ထူးကုမ္ပဏီမှလှူဒါန်းသည့် လက်တွန်းထွန်စက်များဖြင့် စုပေါင်း၍ လယ်ထွန်ယက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ထူးကုမ္ပဏီမှ ပြုပြင်လှူဒါန်းထားသည့် ထွန်စက်များကို ကြည့်ရှု၍ ဓမ္မာရုံအတွင်း၌ ကလေးငယ်များအား စာပေသင်ကြားပေးနေမှုတို့ကို ကြည့်ရှုအားပေးကာ အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွှေထူးကျေးရွာနှင့် လမုအုပ်ကြီးကျေးရွာတို့သို့ရောက်ရှိပြီးကျေးရွာများအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်၍ လယ်ယာစိုက်ပျိုးရန် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၃

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR မှ လှူဒါန်းသော ပလတ်စတစ်လိပ်များ စုစုပေါင်း ၄၀ဒသမ၄ တန်သည် Boeing 707 လေယာဉ်ဖြင့်ဇွန်၁၂ရက် နံနက် ၈နာရီ ၁၃ မိနစ်တွင်လည်းကောင်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF မှ လှူဒါန်းသော မိုးကာတဲများနှင့် ရေသန့်စုစုပေါင်း ၉ ဒသမ ၁၈၈ တန်သည် C-130 လေယာဉ်နှစ်စင်းဖြင့် နံနက် ၈ နာရီ ၅၄ မိနစ်နှင့် ၈ နာရီ ၅၆ မိနစ်တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ လှူဒါန်းသော ဆေးဝါးမျိုးစုံနှင့် ဆေးရုံသုံးပစ္စည်းများ စုစုပေါင်း ၆၂ ဒသမ ၉၁၃ တန်သည် IL-76 လေယာဉ်သုံးစင်း၊ AN-12 လေယာဉ်တစ်စင်းတို့ဖြင့် နံနက် ၁၀ နာရီ ၅ မိနစ်၊ မွန်းလွဲ ၁၂ နာရီ ၃၉ မိနစ်၊ ၁ နာရီ ၉ မိနစ်နှင့် ညနေ ၄ နာရီ ၅၂ မိနစ်တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံအစိုးရမှ လှူဒါန်းသော ခြင်လုံဆန်ခါ၊ စောင်၊ အဝတ်အထည်၊ ဆန်၊ အစားအစာစုစုပေါင်း ၁၁ ဒသမ ၁၃ တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ အမေရိကန်နိုင်ငံမှ လှူဒါန်းသော ရေသန့်၊ နို့မှုန့်၊ အသင့်စားဆန်ပြုတ်ထုပ်၊ ဆန်၊ အဝတ်အထည်နှင့် အစားအသောက်များ စုစုပေါင်း ၂၁ ဒသမ ၃၃ တန်သည် C-130 လေယာဉ်နှစ်စင်းဖြင့် မွန်းလွဲ ၂ နာရီ ၃မိနစ်နှင့် ၂နာရီ ၁၆ မိနစ်တို့တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လေဘေးသင့်ကျေးရွာများအား ပြန်လည်ထူထောင်ရေး ပစ္စည်းများ ဆက်လက်ဖြန့်ဝေ

ရန်ကုန် ဇွန် ၁၃

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး ကော်မတီက မြို့နယ်အတွင်းရှိ လေဘေးသင့်ခံရသည့် ကျေးရွာများအနက် ကြက်လျှာ၊ ကျားဟုန်း၊ ရှောက်ချောင်း၊ နတ်မူ စသည့် ကျေးရွာများသို့ပြန်လည်ထူထောင်ရေး ပစ္စည်းများကို စိန်ရွှေမိုး သင်္ဘောဖြင့် ဇွန် ၁၁ ရက် မွန်းလွဲ ၂ နာရီက သွားရောက် ဖြန့်ဖြူးပေးသည်။

အဆိုပါ ပြန်လည်ထူထောင်ရေး ပစ္စည်းများတွင် ဆန်အိတ် ၂၂၀၀၊ လယ်ယာ(၁၆) လယ်တွန်းထွန်စက် ၁၅ စီး၊ ဆားအိတ် ၅၀ ပါဝင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၃

ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာနအသီးသီးမှအရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၏ စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို ဇွန် ၁၂ရက်နံနက်၈ နာရီတွင် နေပြည်တော်ရှိ ကျန်စစ်သားရိပ်သာ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာနအသီးသီးမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။

ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အရာရှိအဆင့် ၃၈ ဦး၊ အရာခံ အဆင့် ၅၃ ဦး၊ အကြပ်အဆင့် ၆၄ ဦး၊ တပ်သား အဆင့် ၃၃ဦး စုစုပေါင်း ၁၈၈ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရှိရသည်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် တိုးချဲ့စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ လက်တွဲပူးပေါင်း၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး မိုးစပါးစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ကောက်စိုက်သမများအား ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဖြန့်ဝေပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ရောက်ရှိပြီး တပ်ရင်းတပ်ဖွဲ့များမှ တာဝန်ရှိသူများထံ ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဖြန့်ဝေပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးပြီး တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များ၏ ကြက်ဆူပင်များစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံတပ်နယ်အတွင်းရှိ ဖြစ်ထွန်းအောင်မြင်နေသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ယန်းလှရော်ဘာစိုက်ခင်းသို့ ရောက်ရှိကြရာ ဒုတိယဗိုလ်မှူးကြီးအေးလင်းက ရော်ဘာစိုက်ပျိုးပြီး ဧက ၁၀၀၊ ခြံစည်းရိုးကြက်ဆူပင် ဧက ၈၀၊ လိမ္မော် ခုနစ်ဧက၊ သစ်ဆိမ့်ဧက ၅၀၊ ပြောင်းဧက ၅၀ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးထွန်းလင်းက မိုးရေချိန် ၅၀ ဒသမ ၆၀ လက်မရှိ၍ မိုးနည်းပြီး အေးမြသည့် ကချင်၊ ရှမ်း၊ ချင်း တောင်ကုန်းဒေသများ၌ စိုက်သင့်သော ရော်ဘာမျိုးများ၏ လက္ခဏာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက စက်မှုကုန်ကြမ်း ပြည်ပပို့ကုန်ဖြစ်သည့် နှစ်ရှည်သီးနှံ ရော်ဘာစိုက်ပျိုးဧကများ တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ရော်ဘာကိုင်းကူးယူမှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက် ကြခင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ အသစ်တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းတော်ကြီးအတွက် ကွယ်လွန်သူ ဒေါ်ခင်ခင် (၁၈)လပြည့်အား ရည်စူး၍ ခင်ပွန်း ဦးထင်ကျော်၊ သမီး မညိုမီဝင်းမိသားစု သီရိ(၆)လမ်း (၂)ရပ်ကွက် လှိုင်မြို့နယ်က အလှူငွေ ကျပ်နှစ်သိန်းကို ကြခင်းကျောင်း ဆရာတော် အရှင်ပဏ္ဍိစ္စ (ဩဝါဒါစရိယ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးဘဝင်း လက်ခံယူစဉ်။

(က-ပ)

အာဆီယံအမျိုးသမီးစီးပွားရေးထူးချွန်ဆု လက်ခံရယူ

ရန်ကုန် ဇွန် ၁၃

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းကို တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့် ဦးဆောင်၍ အသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ သိင်္ဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်) ပါဝင်သော အဖွဲ့ဝင် ၁၁ ဦးပါ အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ဇွန် ၅ ရက်မှ ၇ ရက်အထိ ကျင်းပသည့် Global Summit of Women 2008 သို့ တက်ရောက်ခဲ့သည်။

ထို့အပြင် ဇွန် ၅ ရက်တွင် Vietnam Chamber of Commerce and Industry (VCCI)က ချီးမြှင့်သည့် ASEAN Outstanding Women Entrepreneur Award ဆုကို အသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်)က လက်ခံရယူပြီး **(အောက်ပုံ)** ဇွန် ၈ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

Global Summit of Women 2008 က မြန်မာနိုင်ငံ လေဘေးသင့် ပြည်သူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူခံရရှိသည့် အမေရိကန်ဒေါ်လာသုံးသောင်းကျော်ကို မျှဝေလှူဒါန်းမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆိပ်ခံတွဲနှင့် ဖိုင်ဘာလှေများ မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိ

ရန်ကုန် ဇွန် ၁၃

မော်လမြိုင်ကျွန်းမြို့တွင် လေဘေးဒဏ်ခံရပြီး နစ်မြုပ်သွားခဲ့သောဆိပ်ခံတွဲအား အစားထိုးနေရာချပေးသည့် အနေဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်လိုက်ပါလာသော အဖွဲ့သည် ပြည်တွင်းရေကြောင်းပိုင် ဆင်ပြောင်(၁) သင်္ဘောဖြင့် ဆိပ်ခံတွဲ (တ-၁၀၀၆၆) ကို တွဲယူကာ မော်လမြိုင်ကျွန်းမြို့သို့ ဇွန် ၁၂ ရက် ညနေ ၆ နာရီတွင် ရောက်ရှိလာသည်။

အဆိုပါ မော်လမြိုင်ကျွန်းဆိပ်ခံတွဲ (တ-၁၀၀၆၆)သည် အလျား ၁၁၄ ပေ ၁၀ လက်မ၊ အနံ ၁၉ ပေ ၈ လက်မ၊ ဇောက် ၄ ပေ ၈ လက်မရှိ၍ ကုန်သိုလှောင်မှု တန်ချိန် ၁၀၀ ရှိကာ အမိုးအကာများဖြင့် တည်ဆောက်ထားသော ဆိပ်ခံဖြစ်သည်။

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအနေဖြင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမြန်စက်တပ် ဖိုင်ဘာလှေ သုံးစင်းကိုလည်း ယူဆောင်လာခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာနမှ လေဘေးသင့်ဒေသများဖြစ်သော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များသို့ သစ်ခွဲသားများနှင့် သစ်လုံးများ ပံ့ပိုးကူညီ ဖြန့်ဖြူးလျက်ရှိ

နေပြည်တော် ဇွန် ၁၃

သစ်တောရေးရာဝန်ကြီးဌာနမှ လေဘေးသင့်ဒေသများဖြစ်သော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များသို့ သစ်ခွဲသားများနှင့် သစ်လုံးများ ပံ့ပိုးကူညီဖြန့်ဖြူးလျက်ရှိရာ ဇွန် ၈ ရက်အထိ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်သို့ သစ်ခွဲသားတန် ၁၀၀၊ သစ်လုံးတန် ၂၀၀၀၊ ရန်ကုန်တိုင်းအတွင်းရှိ ၄၂ မြို့နယ်သို့ သစ်ခွဲသား ၃၇၀၁ တန်ကို ဖြန့်ဖြူးပေးပို့ခဲ့သည်။

အလားတူ ဧရာဝတီတိုင်း ဖျာပုံမြို့နယ်သို့ သစ်ခွဲသား ၆၂၆ တန်၊ သစ်လုံးတန် ၅၀၀၊ ကျိုက်လတ်မြို့နယ်သို့ သစ်ခွဲသား ၄၄၃ တန်၊ ဒေးဒရဲမြို့နယ်သို့ သစ်ခွဲသား ၄၆၆ တန်၊ ဘိုကလေးမြို့နယ်သို့ သစ်ခွဲသား ၅၆၅ တန်၊ သစ်လုံးတန် ၂၅၀၀၊ လပွတ္တာမြို့နယ်သို့ သစ်ခွဲသား ၃၈၅တန်၊ ငပုတောမြို့နယ်သို့ သစ်ခွဲသား ၂၈၉တန်၊ မော်လမြိုင်ကျွန်းမြို့နယ်သို့ သစ်ခွဲသား ၂၅၂တန်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်သို့ သစ်ခွဲသားတန် ၂၀၀ ကို ဖြန့်ဖြူးပေးပို့ခဲ့သည်။

ထို့အပြင် လေဘေးသင့်ဌာနဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သစ်ခွဲသား ၃၁၇၆တန်နှင့် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် သစ်လုံး ၂၄၁၄ ဒသမ ၉၄၆ တန်ကို ဖြန့်ဖြူးပေးပို့ခဲ့သည်။

သို့အတွက် သစ်တောရေးရာဝန်ကြီးဌာနမှ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့် မြို့နယ်များသို့ သစ်ခွဲသားနှင့်သစ်လုံးတန်ချိန် စုစုပေါင်း ၁၇၆၁၇ ဒသမ ၉၄၆ တန်ကို ပံ့ပိုးကူညီဖြန့်ဖြူးပေးပို့ခဲ့ကြောင်း သတင်းရရှိခဲ့သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဝိပဿနာ" တရားတော် (ကံ့ကော်တစ်ထောင်ဆရာတော် ဘဒ္ဒန္တကောသလ)
၈း၀၅ - ၂း၀၅	မြန်ပြည်တစ်ခွင်ထိန်လင်းစေဖို့ မြန်မာအင်ဂျင်နီယာအစွမ်းနှင့် ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်းကြီး တည်ဆောက်ကြပါစို့
၈း၃၀ - ၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅ - ၂း၅၅	ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား [အကွာအဝေးရရန် အဓိကသော့ချက်(၇)ချက်]
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	MRTV-4 ကျန်းမာရေးကဏ္ဍ (သွေးလှူဒါန်းခြင်းဆိုင်ရာ သိကောင်းစရာများ) (ဒေါက်တာသီတာအောင်)
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	အရသာနှင့် အာဟာရစုံစွာ ပျော်ဘွယ်မုန့်ကြွပ်မှာ
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှဦးဆောင်ပြီး ပုဂ္ဂလိကမီဒီယာများ၏လေဘေးစုပေါင်းအလှူဒါန
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	စိုက်ပျိုးသီးနှံအောင်မြင်ဖို့ရာ---အာဟာရစုံဖြည့်စွက်ပါ
၁၀း၅၅ - ၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀	Shopping Guide (Amayar Daewei)
၁၁း၂၅ - ၅း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	"အင်း" ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၂း၁၅ - ၆း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀ - ၆း၂၀	ကြို့ဆိုလျက်ပါ (ရုပ်ရှင်သရုပ်ဆောင်များ)
၁၂း၃၀ - ၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅ - ၆း၃၅	ရွှေဖြူ၏အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	အကပြိုင်ပွဲ
၈း၀၀	၅။	The Golden Triangle Past The Present
၈း၅၀	၆။	International News
၉း၀၀	၇။	အစီအစဉ်ပြီး၏။

နေ့ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၀၀	၅။	Japan Video Topics
၁း၁၀	၆။	**ပြည်သူ့နီတိ "ကိုယ်ချင်းစာ" (ပြေတီဦး၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ခင်ဇော်)**
၂း၀၀	၇။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၂း၁၀	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၂၀	၉။	မူဟန်သွယ်သွယ်ဆိုကြမယ်
၂း၄၀	၁၀။	တေးဂီတအစီအစဉ်
၂း၅၀	၁၁။	International News
၃း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၃၀	၃။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး တေးများ
၄း၃၅	၄။	အတီးပြိုင်ပွဲ
၄း၄၅	၅။	**"မီးမီးရဲ့ဆုံးဖြတ်ချက်' (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်) (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)**
၄း၅၅	၆။	မြန်မာ့ဝေလေ့ရိုးရာလက်ဝှေ့
၅း၃၅	၇။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလဝသအခြေအနေ
၆း၃၅	၁၀။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၅၀	၁၁။	တေးဂီတအစီအစဉ်
၇း၀၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေးချစ်ပုံပြင်" (အပိုင်း-၄)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၂၉)**
	၁၇။	အစီအစဉ်ပြီး၏။

သွေးလှူရှင်များလှူဒါန်းဖို့ ဝိုင်းဝန်းကူညီကြပါစို့

ဒေါက်တာ
သီတာအောင်

ဇွန်လ ၁၄ရက်နေ့ (ယနေ့)သည် ၂၀၀၈ခုနှစ်၏ ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် ကျရောက်လာပြန်ပါပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၏ သဘောတူညီချက်ဖြင့် ၂၀၀၅ခုနှစ်မှ စ၍ ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် နှစ်စဉ်သတ်မှတ်ကျင်းပရန် အတည်ပြုခဲ့ကြသည်။ စိတ်ချလုံခြုံမှုရှိကြောင်း သေချာသောသွေးလှူရှင်များသည် သွေးသွင်းကုသမှုနှင့် အသက်ကယ်ရန်အတွက် အရေးကြီးဆုံးဖြစ်ကြောင်း ပြည်သူလူထုမှ ပိုမိုကျယ်ပြန့်စွာသိရှိစေရန်နှင့် သွေးလှူဒါန်းခဲ့သော သွေးလှူရှင်များအား ၎င်းတို့၏ လှူဒါန်းမှုများအတွက် ကျေးဇူးတင်ကြောင်း သိရှိစေရန်ရည်ရွယ်၍ ကျင်းပရန်ဆုံးဖြတ်ကြခြင်းဖြစ်ပါသည်။

နှစ်စဉ် အထိမ်းအမှတ် အခမ်းအနားများကို နိုင်ငံအများစုတွင် ပိုမိုတိုးချဲ့ ကျင်းပလာနိုင်ခဲ့ကြပါသည်။ ရည်ရွယ်ချက်များ ပေါ်လွင်စေရန် လှုပ်ရှားမှု ပုံစံမျိုးစုံဖြင့် ကျင်းပခဲ့ကြပါသည်။ နိုင်ငံ့အကြီးအကဲများ၏ တာဝန်ယူမှု၊ တော်ဝင်မိသားစုများနှင့် ထင်ပေါ်ကျော်ကြားသူများ၏ အားပေးမှု၊ သတင်းမီဒီယာအဖွဲ့များ၊ ပြည်သူများ၏ လှုပ်ရှားမှုများဖြင့် ပုံစံမျိုးစုံ ကျင်းပခဲ့ကြပါသည်။

နိုင်ငံများအားလုံး၏ လှုပ်ရှားမှုများကို စုစည်း၍ မိမိတို့ တစ်ကြိမ်မျှ တွေ့ကြုံသိကျွမ်းဖူးခြင်းမရှိသော လူသားတစ်ယောက်၏ အသက်နှင့် ကျန်းမာရေးကို မိမိတို့၏ သွေးလှူဒါန်းခြင်းဖြင့် စောင့်ရှောက်ပေးခဲ့သည့် တစ်ကိုယ်ကောင်းမဆန်သော၊ အနစ်နာခံရဲသည့် သွေးလှူရှင်ကြီးများအား ကျေးဇူးတင်ကြောင်း တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့်ဖော်ပြခဲ့ကြသည်။ **(www. wbdd.org) တွင် ကြည့်ရှုနိုင်ပါသည်။**

စေတနာသွေးလှူရှင်များ လှူဒါန်းသော သွေးများဖြင့် ၁၀၀% ထောက်ပံ့နိုင်သော သွေးလှူဘဏ်များရှိသည့် နိုင်ငံအရေအတွက်များ တဖြည်းဖြည်းတိုးပွားလာရာ ယခုအခါ နိုင်ငံပေါင်း ၃၀ခန့်အထိ ရှိလာပြီဖြစ်သည်။ ၎င်းတိုင်းပြည်များတွင် ပုံမှန်လာရောက် လှူဒါန်းသော စေတနာသွေးလှူရှင်များ၏ အရေးပါသော အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်စွာ ပေါ်လွင်နေပြီဖြစ်ပေသည်။

ပုံမှန်ပြန်လည်လှူဒါန်းနေသော သွေးလှူရှင်များသည် လုံခြုံစိတ်ချ၍ အန္တရာယ်အကင်းဆုံးဖြစ်ရုံသာမက တိုင်းပြည်၏ သွေးထောက်ပံ့မှုကို လိုအပ်သမျှ လူနာများလိုအပ်ချိန်တွင် အချိန်မီရရှိစေရန် အဓိကစွမ်းဆောင် ပေးနေသူများဖြစ်သည်။ တိုင်းပြည်၏ သွေးထောက်ပံ့မှု လုံလောက်စေရန် သင့်တော်စိတ်ချရသော သွေးလှူရှင်ကြီးများအား ပြန်လည်ခေါ်ယူခြင်းသည် အရေးကြီးဆုံးသော ဦးစားပေးလုပ်ငန်းဖြစ်နေကြောင်း ပေါ်လွင်ထင်ရှားနေပေသည်။

၂၀၀၈ ခုနှစ်အတွက် ကမ္ဘာ့သွေးလှူရှင်များနေ့ ကျင်းပခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိသွေးလှူရှင်များအား သွေးအချိန်မှန် ပြန်လည်လှူဒါန်းပေးနိုင်ရေးအတွက် လှုံ့ဆော်ရန်ရည်ရွယ်၍ "Many Happy Returns" "Once is not enough" စသော ဆောင်ပုဒ်များနှင့် နှိုးဆော်ရန် ဆုံးဖြတ်ကြပါသည်။

ယခုနှစ်အတွက် အထူးလုပ်ဆောင်ရမည့် ရည်ရွယ်ချက်များမှာ-

- **သွေးနှင့် သွေးပစ္စည်းများ အထူးသဖြင့် ကင်ဆာဝေဒနာရှင်များ၊ သွေးလွန်တုပ်ကွေးရောဂါတို့တွင် လိုအပ်သော သွေးဥမွှားများသည် အချိန်တိုအတွင်းသာ သိုလှောင်နိုင်၍ ပုံမှန်သွေးလှူဒါန်းမှု၏ အရေးပါမှုကို ပြည်သူတို့အတွင်း ပိုမိုကျယ်ပြန့်စွာ လက်ခံလာစေရန်၊**
- **ကျန်းမာစွာဖြင့် သွေးပုံမှန် လှူဒါန်းနေသော သွေးလှူရှင်များသည် ပြည်သူတို့၏ ကျန်းမာသောပတ်ဝန်းကျင်ကို ဖန်တီးရာတွင် အဓိကပါဝင်နေသူများဖြစ်ကြောင်း ကျန်းမာရေးနှင့် ပတ်သက်သက်ဆိုင်သည့် တာဝန်ရှိသူများမှ ပိုမိုအသိအမှတ်ပြုပေးရန်၊**
- **သွေးလှူရှင်မှ မှန်မှန် ပြန်လည်လှူဒါန်းနိုင်ရန် သွေးလှူရှင်များ၏ ကျန်းမာရေးနှင့် သွေးလှူဒါန်းချိန်တွင် စောင့်ရှောက်မှုများကို ပိုမိုသတိထား ဆောင်ရွက်ပေးရန်တို့ဖြစ်သည်။**

အဘယ့်ကြောင့်ဆိုသော် ပထမအကြိမ် သွေးလှူဒါန်းရာတွင်ဖြစ်စေ၊ ပုံမှန်ပြန်လည် လှူဒါန်းရာတွင်ဖြစ်စေ သွေးလှူဒါန်းချိန်တိုင်းတွင် သွေးလှူရှင်တို့သည် ၎င်းတို့အတွက် လုံခြုံစိတ်ချမှုရှိမည့် ဂရုစိုက်စောင့်ရှောက်မှုကို ရရှိသင့်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့မှ ကမ္ဘာပေါ်ရှိ သွေးဘဏ်လုပ်ငန်းများအားလုံးအား မိမိတို့ဆောင်ရွက်နေသော သွေးလှူရှင်စောင့်ရှောက်မှု အစီအစဉ်များ မည်သည့်အခြေအနေအထိ လုံခြုံမှုပေးနိုင်သည်ကို ဆန်းစစ်စေပြီး သွေးလှူရှင်များအတွက် အကောင်းဆုံး စောင့်ရှောက်မှုကို မိမိတို့ဒေသအတွင်း အခြေအနေကိုလိုက်၍ အတတ်နိုင်ဆုံး တိုးတက်အောင် ပြင်ဆင်ဆောင်ရွက်နိုင်စေရန် လှုံ့ဆော်ပေးခြင်းဖြစ်ပေသည်။

ယခုနှစ်အခမ်းအနားကို UAE နိုင်ငံ Dubai မြို့တွင် ကျင်းပမည်ဖြစ်သည်။ အမျိုးသားသွေးဌာနမှတွေ့ရှိရသော အချက်အလက်များအရ ပထမအကြိမ် သွေးလှူဒါန်းသူများတွင် တွေ့ရှိရသည့် ခုခံအားကျဆင်းမှုရောဂါပိုးတွေ့ရှိနှုန်းသည် ပုံမှန်လှူဒါန်းနေသော သွေးလှူရှင်များတွင် တွေ့ရှိရမှုထက် ၂၀၀၅ ခုနှစ်တွင် လေးဆ၊ ၂၀၀၆ ခုနှစ်တွင် နှစ်ဆ၊ ၂၀၀၇ ခုနှစ်တွင် သုံးဆခန့် ပိုမိုမြင့်မားနေကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် ပုံမှန်လှူဒါန်းနေသော သွေးလှူရှင်များသည် အန္တရာယ်ကင်းသော သွေးသွင်းကုသမှုကို ထောက်ပံ့နေသည့် အဓိကစွမ်းဆောင်ရှင်များဖြစ်သည်ဟူသောအဆိုကို လက်တွေ့ကျကျ လက်ခံရမည်ဖြစ်သည်။

သွေးလှူရှင်စုဆောင်းမှုအနေဖြင့် ပြည်သူများမှ ပိုမိုစိတ်ဝင်စားလာကြောင်းကို တိုးတက်လာသော ပထမအကြိမ်သွေးလှူရှင်များက ညွှန်ပြနေပေသည်။ (ပထမအကြိမ်သွေးလှူရှင် ၂၀၀၅ ခုနှစ်တွင် ၁၀၇၃၅ ဦး၊ ၂၀၀၆ ခုနှစ်တွင် ၁၁၀၉၇ ဦး၊ ၂၀၀၇ ခုနှစ်တွင် ၁၃၅၄၇ ဦး)

ပုံမှန်ပြန်လည်လှူဒါန်းနေသော သွေးလှူရှင်များမှာ ၂၀၀၅ ခုနှစ်တွင် ၁၂၉၁၂ ဦး၊ ၂၀၀၆ ခုနှစ်တွင် ၁၂၄၉၁ ဦး၊ ၂၀၀၇ ခုနှစ်တွင် ၁၃၆၅၀ ထိ တိုးတက်လာကြောင်းကိုလဲ အားတက်ဖွယ်တွေ့ရပါသည်။

ပထမအကြိမ် သွေးလှူဒါန်းသူများအား ပိုးစစ်ဆေးတွေ့ရှိမှုကို လျော့နည်းစေရန်နှင့် စမ်းသပ်သောနည်းစနစ်မှ မကာကွယ်နိုင်သော ကြားကာလ ပိုးကူးစက်မှုကို တားဆီးနိုင်ရန်၊ သွေးလှူရှင်များအား သွေးမလှူဒါန်းမီ ဆန်းစစ်စေမှုအတွက် သင်တန်းများကို ၂၀၀၆ ခုနှစ်မှ စတင်၍ ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် အမျိုးသားသွေးဌာနမှ ဆောင်ရွက်ခဲ့ရာ ယခုအခါ မန္တလေး၊ မြစ်ကြီးနား၊ ပုသိမ်၊ မကွေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် ၎င်းတို့နှင့်သက်ဆိုင်ရာဒေသများရှိ သွေးလှူဘဏ်ဝန်ထမ်းများအား ပို့ချခဲ့ပြီးဖြစ်ပါသည်။

သန့်စင်ပြီး သွေးလှူရှင်များအား စနစ်တကျ မှတ်ပုံတင်ထားရှိပြီး ပြန်လည်ခေါ်ယူနိုင်ရန်လည်း ၎င်းခြောက်မြို့ရှိ သွေးလှူဘဏ်များတွင် Computerized Systems များကို Major Infection Disease Control Programme (JICA) အကူအညီဖြင့် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

သွေးလှူဘဏ်များရှိ သွေးလှူရှင်စိစစ်မှုတွင် သွေးလှူရှင်အတွက် အန္တရာယ်မဖြစ်စေရန် စစ်ဆေးမှုများနှင့်စောင့်ရှောက်မှုများကို မိမိတို့ဒေသတွင်းရှိ အခြေအနေအရ အစွမ်းကုန်လုပ်ဆောင်နိုင်ရန် ကြိုးစားလျက်ရှိပါသည်။

ထို့ကြောင့် ကျန်းမာပြီးအန္တရာယ်ကင်းသော လူနေမှုစရိုက်တွင် နေထိုင်ကြသောသူများက လူနာများအတွက် သွေးလှူရှင်အဖြစ် စွမ်းဆောင်နိုင်အောင် ကြိုးစားခြင်းဖြင့်လည်းကောင်း၊ လှူဒါန်းနေကြသော သွေးလှူရှင်များအနေဖြင့် မိမိတို့၏ ကျန်းမာရေးကိုစောင့်ရှောက်စစ်ဆေးပြီး အချိန်မှန်ပြန်လည်လှူဒါန်းခြင်းဖြင့်လည်းကောင်း၊ သွေးလှူဘဏ်ဝန်ထမ်းများကလည်း သွေးလှူရှင်များ အန္တရာယ်ကင်းအောင် သွေးလှူရှင်များ စိတ်ချမ်းသာအောင် ဝန်ဆောင်မှုပေးခြင်းဖြင့်လည်းကောင်း မိမိတို့ပတ်ဝန်းကျင်ရှိလူနာများအား ပုဂ္ဂိုလ်အရ မရည်ရွယ်ဘဲ လိုအပ်သူအားလုံးအတွက် သွေးလုံလောက်စွာ အချိန်မီရရှိနိုင်အောင် ဝိုင်းဝန်းကြိုးစားကြပါစို့ဟု တိုက်တွန်းနှိုးဆော် ဆန္ဒပြုလိုက်ပါသည်။ ။

ကမ္ဘာ့သွေးလှူရှင်များနေ့

၂၀၀၈ ခုနှစ်၊ ဇွန်လ (၁၄) ရက်

လူသားတို့ကျန်းမာရေး စဉ်ဆက်မပြတ်သွေးလှူပေး

(Many Happy Returns)

ကျန်းမာရေးဝန်ကြီးဌာန

(၁၈)ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၂၀၀၈ ခုနှစ် (၁၈)ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ်သန်းဟန် တက်ရောက် အမှာစကားပြောကြားပြီး စစ်တုရင်အရုပ်ရွှေ့ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့၊ သင်တန်းကျောင်းများ၊ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ပြည်နယ်၊ တိုင်း ရဲတပ်ဖွဲ့များမှ အသင်းပေါင်း ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

NLD ဌာနချုပ်သို့ မေလအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၁၇)ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် ဇွန် ၁၃

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၈ ခုနှစ် မေလအတွင်း (၁၇)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါသံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့် မော်လမြိုင်ကျွန်းမြို့နှင့် ကျေးရွာများအား အလှူရှင်များက ငွေနှင့် ထောက်ပံ့ပစ္စည်းများထောက်ပံ့

ရန်ကုန် ဇွန် ၁၃

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ခံရသော မြို့ပေါ်နှင့် ကျေးရွာများအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ရန်ကုန်မြို့မှ အလှူရှင်များက ဇွန် ၁၃ ရက်တွင် ဆန်၊ တာပေါ်လင်၊ အဝတ်အထည်၊ ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေများကို လာရောက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ချမ်းမြေ့ဘိုးဘွားရိပ်သာ၊ ပစ္စိဗာရုံကျောင်းတိုက်နှင့် လေအိပ်တန်းကျေးရွာရှိ လေဘေးဒဏ်ခံရသူများအား ဆန်၊ အဝတ်အထည်၊ တာပေါ်လင်၊ ကျောင်းသုံးဗလာစာအုပ်၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများကို ကိုယ်တိုင်လက်ရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ် နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၅ ၄။ ကျန်းမာသုတ
- ၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "အဘအမည်" -ဒါရိုက်တာဝင်းစိုးထွန်း လူမင်း၊ ထွန်းထွန်း** (Examplez)၊ **မျိုးသန္တာထွန်း**
- ၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၁း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွှဲ
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၅၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင် သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၂။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက် (အပိုင်း-၈)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေး တေးကဗျာ
- ၁၈။ English Usage
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဆန့်ကျင်ဘက် နှလုံးသား (အပိုင်း-၁၇)**
- ၂၁။ သင့်အတွက် မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

အတည်ပြုချိန် ၃း၀၀

ခေတ်ကိုပြောင်းကြစို့ စာအုပ်ထွက်ရှိ

DIAMOND JUBILEE BOOK

CHANGE

ခေတ်ကိုပြောင်းကြစို့

ချစ်နိုင် (စိတ်ပညာ)

WE DEVELOP LEADERS
WHO DEVELOP PEOPLE
WHO DEVELOP BUSINESS.

ရန်ကုန် ဇွန် ၁၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) ရေးသားသည့် **'ခေတ်ကိုပြောင်းကြစို့'** စာအုပ်ထွက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါစာအုပ်တွင် စာရေးသူက 'စာပေသည် ခေတ်၏ ကြေးမုံပင်ဖြစ်၍ခေတ်ကာလ၏အခြေအနေမှန်ကို ထင်ဟပ်ဖော်ပြကြောင်း၊ နိုင်ငံသား ပြည်သူများ၏ ဉာဏ်ပညာ၊ ဗဟုသုတရေချိန်မြင့်ပါမှ ရန်သူအန္တရာယ်အမျိုးမျိုး၏ လှည့်စားဖြားယောင်းမှု ပရိယာယ်အထွေထွေမှ လွတ်မြောက် ကျော်လွှားနိုင်မည်ဟု မြင်တွေ့ရကြောင်း၊ နိုင်ငံတော်ကြီး သာယာစည်ပင်တိုးတက်ပါမှ အဖျက်အဆီး အနှောင့်အယှက် အမျိုးမျိုးတို့၏ စိန်ခေါ်မှုကို ဖြတ်သန်းနိုင်ကြမှာဖြစ်ကြောင်း၊ ထိုအတွေးအမြင်တို့ဖြင့် ရေးသားခဲ့သည့် ဒို့ကျေးရွာဂျာနယ် ခေါင်းကြီးအချို့၊ ခရီးသွားဆောင်းပါးအချို့နှင့် သတင်းစာဆောင်းပါးအချို့ကို စုစည်း၍ ဤစာအုပ်တွင် တင်ပြထားပါကြောင်း' ဖော်ပြထားသည်။ (သတင်းစဉ်)

ဇွန် ၁၃ရက်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက တက္ကသိုလ်ပညာ သင်ကြားနေသော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲတွင် သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးခိုင်ကိုလွင်(ငြိမ်း)က ပညာသင် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (ဘဝ၆)

ရန်ကုန်တိုင်းအတွင်း လုယက်မှုကျူးလွန်ပြီး တိမ်းရှောင်နေသူများအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့နယ်မြေအတွင်း လုယက်မှုလေးမှုကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူများအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက သက်သေခံပစ္စည်းနှင့် အခင်းဖြစ်ရာတွင် အသုံးပြုခဲ့သည့် ဓားမြှောင်၊ စကေဘာတို့နှင့်အတူ ဇွန်လပထမအပတ်အတွင်းက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ လုယက်မှုများ ကျူးလွန်သူများသည် အငှားယာဉ်များကို ငှားရမ်း၍ သွားလာလှုပ်ရှားပြီး လုယက်မှုများ ကျူးလွန်လေ့ရှိကြောင်း သတင်းရရှိသဖြင့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် အဖွဲ့များခွဲကာ ကြိုတင်စီမံမှုများပြုလုပ်ပြီး စုံစမ်းခဲ့ရာ မြောက်ဥက္ကလာပမြို့နယ် (င) ရပ်ကွက် အမယာလမ်းအတွင်း၌ လုယက်မှုကျူးလွန်ရန် ကြံစည်နေသူ ထွန်းထွန်းနိုင် (၂၁)နှစ် (ဘ)ဦးသန်းဝင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဇော်မင်းထိုက်(ခ)ကိုမျိုး (၂၇)နှစ် (ဘ)ဦးမောင်ဖုန်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ သန့်ဇော်(ခ)အူဝါး (ခ) ဝဲကြီး(၂၃)နှစ် (ဘ)ဦးတင်ညွှန့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေသူတို့ သုံးယောက်အား ဓားမြှောင်သုံးချောင်း၊ စကေဘာ တစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိသည့် ၎င်းတို့သုံးဦးအား စစ်ဆေးချက်အရ လုယက်မှုများ ကျူးလွန်ရာတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ဇင်မောင်ထွေး (ခ) အငယ်ကောင် (၂၀)နှစ် (ဘ)ဦးကျော်ရွှေလည်း ပါဝင်သည်ဟုထွက်ဆိုသဖြင့် လိုက်လံဖမ်းဆီးရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၆၉)ရပ်ကွက် အနော်ရထာလမ်းမပေါ်ရှိ ပျံကျအရက်ဆိုင်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိသည့် တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၁၈)ရပ်ကွက်ရှိ သန်းကြွယ် လက်ဖက်ရည်ဆိုင်တွင် စုစည်းပြီး အငှားယာဉ်တစ်စီးအား ငှားရမ်းကာ ရန်ကုန်မြို့အတွင်း လှည့်လည်သွားလာ၍ လူပြတ်သည့်နေရာတွင် ရွှေဆွဲကြိုး ဝတ်ဆင်ထားသည့် အမျိုးသမီးများ တွေ့ရှိပါက ကားအား ခပ်လှမ်းလှမ်းတွင် ကျော်ရပ်ခိုင်းကာ ကားပေါ်မှ ဆင်း၍ မျက်နှာချင်းဆိုင်လမ်းလျှောက်ပြီး ရွှေဆွဲကြိုးအား လက်ဖြင့် ဆွဲဖြတ်ယူကာ ရပ်ထားသော ကားဆီသို့ ပြေး၍ ကားအား မောင်းနှင်ထွက်ပြေးခဲ့ကြောင်း၊ ဓားမြှောင်၊ စကေဘာများအား ဆောင်ထားရခြင်းမှာ လုယက်မှုကျူးလွန်စဉ် ဝိုင်းဝန်းဖမ်းဆီးရန် လာရောက်သူများအား ခြိမ်းခြောက်ရန်၊ ခုခံရန် အတွက်ဖြစ်ကြောင်း သိရှိရသည်။

ဖော်ထုတ်ချက်များအရ ၂၅-၂-၂၀၀၈တွင် မကြည်ကြည်ထံမှ ရှမ်းလမ်းဘူတာ၌ ရထားအောက်မှ ဆွဲဖြတ် လုယူခဲ့သည့် အလေးချိန် ၉ ပဲ၊ ၆ ရွေးရှိ ရွှေဆွဲကြိုးတစ်ကုံး၊ (မူလပုံစံမပျက်)အားလည်းကောင်း၊ မေ ၁၁ရက်တွင် ဗိုလ်ချုပ်ကြေးရုပ်ကန်တော်ကြီးပန်းခြံရှေ့၌ မခင်ယုလွင် ဆွဲထားသည့် လည်ပင်းမှ ဖြတ်ယူလာသည့် အလေးချိန် တစ်ကျပ်ခွဲသားခန့် ရွှေဆွဲကြိုးတစ်ကုံး(မူလပုံစံမပျက်) အားလည်းကောင်း၊ မေ၂၉ ရက်တွင် သုနာပြုတက္ကသိုလ် တိုးချဲ့ဂိတ်ပေါက်အနီး ဒေါ်နွဲ့နွဲ့အေးထံမှ ဖြတ်ယူလာ သည့် ရွှေဆွဲကြိုးတစ်ကုံး အလေးချိန် ၈ ပဲ ၅ ရွေး အရည်ကျို ရွှေစ သုံးစအားလည်းကောင်း၊ မေ ၃၁ ရက်တွင် လှိုင်သာယာမြို့နယ် မီးခွက်ဈေးအောက်ထိပ်ရှိ မနုထံမှ ဆွဲဖြတ်ယူလာသည့် အလေးချိန် တစ်ကျပ်ခွဲသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး အရည်ကျိုရွှေစနှစ်စအားလည်းကောင်း ပြန်လည် သိမ်းဆည်းနိုင်ခဲ့သည်။

လုယက်မှု ပြစ်မှုကျူးလွန်သူများဖြစ်သည့် ထွန်းထွန်းနိုင်၊ ဇော်မင်းထိုက် (ခ)ကိုမျိုး၊ သန့်ဇော်(ခ) အူဝါး (ခ)ဝဲကြီး၊ ဇင်မောင်ထွေး (ခ) အငယ်ကောင်**(ဝဲပုံ)**တို့ လေးယောက်အား ဗဟန်းရဲစခန်း၊မီးရထားရဲစခန်း၊ လမ်းမတော်ရဲစခန်း၊လှိုင်သာယာရဲစခန်းနှင့် မြောက်ဥက္ကလာပရဲစခန်းတို့မှ အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကုတ်မြို့၌ မိုးသည်းထန်စွာရွာသွန်း၊ မြေပြိုမှုကြောင့် လူနေအိမ်သုံးလုံးပျက်စီး၊ ၁၁ ဦး သေဆုံး

နေပြည်တော် ဇွန် ၁၃

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့၌ ဇွန် ၁၁ရက် သန်းခေါင်ယံအချိန်မှ ဇွန် ၁၂ရက် နံနက် ၆နာရီအထိ မိုးရေချိန် ၈ဒသမ ၀၇လက်မအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့ပေါ်ရှိ ရေနီချောင်းတစ်လျှောက် ရှောလီဝိုင်းရပ်ကွက်၊ မြို့မရပ်ကွက်၊ စည်ပင်သာယာရပ်ကွက်နှင့် ပိတ်စွယ်ရပ်ကွက်တို့၌ ရေနှစ်ပေမှ သုံးပေအထိ မြင့်တက်ခဲ့ပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ယင်းကဲ့သို့ ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် လူနေအိမ်သုံးလုံး ပြိုကျပျက်စီး၍အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးလေးဦး ပေါင်း ၁၁ဦး သေဆုံးခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်ဖြစ်လျှင်ဖြစ်ချင်း ဒေသအာဏာပိုင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ရှင်းလင်းကယ်ဆယ်ရေး၊ ဆေးဝါးကုသပေးရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ချက်ချင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေ အားကောင်းမည်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၁၃

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် ကယားပြည်နယ် တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ** မှာ နေပြည်တော်တွင် ၀ဒသမ ၃၁လက်မ၊ ထားဝယ်မြို့တွင် ၄ဒသမ ၈၈ လက်မ၊ မြိတ်မြို့တွင် ၄ဒသမ ၄၉လက်မ၊ ပူတာအိုမြို့တွင် ၃ဒသမ ၆၃လက်မ၊ မင်းဘူးမြို့တွင် ၂ဒသမ ၃၆လက်မ၊ ဗန်းမော်မြို့တွင် ၂ဒသမ ၂၁လက်မ၊ ကော့သောင်းမြို့တွင် ၂ဒသမ ၀၉လက်မနှင့် မကွေးမြို့နှင့် ကျောက်ဖြူမြို့တို့တွင် ၁ဒသမ ၇၇လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၁၃ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် မုတ်သုံလေ အားကောင်းမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုး ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။

ဇွန်လ တတိယရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်။

လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၃ဒသမ၀)ဒီဂရီစင်တီဂရိတ်	(၉၁)ဒီဂရီဖာရင်ဟိုက်	၁၂-၆-၂၀၀၈
အနိမ့်ဆုံးအပူချိန်	(၂၃ဒသမ၆)ဒီဂရီစင်တီဂရိတ်	(၇၄)ဒီဂရီဖာရင်ဟိုက်	၁၃-၆-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ	(၈၀)ရာခိုင်နှုန်း		၁၃-၆-၂၀၀၈
နေပူသည့်နာရီပေါင်း	(၃ဒသမ၄)နာရီခန့်		၁၂-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၂-၆-၂၀၀၈	၁မမ(၀ဒသမ၀၄လက်မ)	၆မမ(၀ဒသမ၂၄လက်မ)	၈မမ(၀ဒသမ၃၂ လက်မ)

၁-၁-၂၀၀၈ မှ ယနေ့အထိ ၈၈၄ မမ(၃၄ ဒသမ ၈၀ လက်မ) ၁၀၄၉မမ(၄၁ဒသမ ၃၀လက်မ) ၁၃၅၄မမ(၅၃ဒသမ ၃၁လက်မ) ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ (၁၂-၆-၂၀၀၈) နေ့ (၁၆း၂၅)နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ(၁၂)မိုင်နှုန်း တိုက်ခတ်သည်။

တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဒဂုံတက္ကသိုလ်ကြည့်ရှုစစ်ဆေး လေဘေးသင့် ကျောင်းသား၊ ကျောင်းသူများအား ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်သို့ ရောက်ရှိလာရာ အစည်းအဝေးခန်းမ၌ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးဆန်းက ကျောင်းဆောင်များ ပြန်လည်ပြုပြင်ပြီးစီးမှု၊ လျှပ်စစ်မီးနှင့် တယ်လီဖုန်းများ ပြန်လည်ကောင်းမွန်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ပုံမှန်သင်ကြားနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး ဘွဲ့နှင်းသဘင်ခန်းမ တံခါးမကြီးနှင့် မျက်နှာကြက်များ ပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂) ရပ်ကွက် ကျန်စစ်သားလမ်းရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် ငါးသလောက် ကီလို ၂၀၀၀ ကို တာဝန်ရှိသူများမှတစ်ဆင့်စနစ်တကျ လက်ဝယ်အရောက်ပေးအပ်လှူဒါန်းမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြို့နယ်ပညာရေးမှူး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်များနှင့် ကျောင်းပရိဘောဂများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြား၍ ကျောင်းအတွင်း ပြုပြင်ပြီးစီးမှုနှင့် ကျောင်းသား၊ ကျောင်းသူများပညာသင်ကြားနေမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် အမျိုးသားကြီးပွား တိုးတက်ရေး ကုမ္ပဏီလီမိတက်မှ ငါးသလောက်ကီလို ၂၀၀၀ ကို တာဝန်ရှိသူများမှတစ်ဆင့် စနစ်တကျ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းမှုကို ကြည့်ရှုအားပေးသည်။

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည့် လေဘေးသင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဘေးသင့်ကျောင်းသား၊ ကျောင်းသူများအတွက်ကျောင်းဝတ်စုံ ၄၀၀ ၊ ဗလာစာအုပ် ဒါဇင် ၁၂၀၊ ခဲတံဒါဇင် ၁၀၀၊ ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် လေးသိန်းနှင့် မိသားစုများ အသုံးပြုရန် ဇာခြင်ထောင်အလုံး ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းသား၊ ကျောင်းသူများနှင့် မိသားစုများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ငါးသလောက်ကီလို ၂၀၀၀ ကိုတာဝန်ရှိသူများမှတစ်ဆင့် စနစ်တကျ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းမှုကို ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် အမျိုးသား ကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ငါးသလောက်များ ပေးအပ်လှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ် စာပေညီလာခံကိုယ်စားလှယ်များစာရင်း ပေးပို့ရန် နှိုးဆော်

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ဇွန် ၂၈ ရက်တွင် ရန်ကုန်မြို့ ကရဝိက် နန်းတော်၌ကျင်းပမည်ဖြစ်ရာအစည်းအဝေးတက်ရောက်ကြမည့် ဗဟိုဦးစီးအဖွဲ့ဝင်များအား ကြိုတင်စိစစ်အတည်ပြုနိုင်ရန် အစည်းအဝေးတက်ရောက်ခွင့်ရရှိသည့် ရန်ကုန်တိုင်းမှအပ ကျန်ပြည်နယ်နှင့်တိုင်းမှ ကိုယ်စားလှယ်များစာရင်းကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များက ဇွန် ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) သို့စာဖြင့်ဖြစ်စေ၊ ကြေးနန်း/ တယ်လီဖုန်းဖြင့်ဖြစ်စေ အမြန်ဆက်သွယ် သတင်းပို့ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁၃

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များက ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့ ဇွန်၁၂ ရက်တွင် လာရောက်၍ လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ ဦးမောင်သောင်းနှင့်ဒေါ်ငွေကြည်မိသားစု FMI City လှိုင်သာယာက ငွေကျပ် တစ်သိန်း၊ ဒေါ်တိုးတိုးမိသားစု ရန်ကင်းမြို့နယ်က ငွေကျပ် တစ်သိန်း၊ ထားဝယ်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံးကငွေကျပ်တစ်သိန်း၊ မန္တလေးတိုင်းသဘင်ပညာရှင်များအစည်းအရုံးကြီးကြပ်မှုကော်မတီက ငွေကျပ်ခုနစ်သိန်း၊ မုံရွာမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးကငွေကျပ်နှစ်သိန်း၊ ပြည်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံးက ငွေကျပ် ၁၁၀၀၀၀၊ ကျောက်ပန်းတောင်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံးကငွေကျပ် ၃၃၀၀၀၀၊မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးကငွေကျပ် ငါးသိန်း၊စစ်ကိုင်းမြို့နယ်သဘင်ပညာရှင်များအစည်းအရုံးက ငွေကျပ် နှစ်သိန်း၊ မိတ္ထီလာမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးကငွေကျပ် ငါးသောင်း၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးက ငွေကျပ် ၁၀ သိန်း၊ မြန်မာ့သဘင်အလှဆင်မည့် မင်းသားများအဖွဲ့(မန္တလေး)ကငွေကျပ် ၈၀၁၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီး သိန်းလွင်(ငြိမ်း)နှင့် ဒေါ်ခင်ရွှေလူမိသားစု မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ်တစ်သိန်း၊ မြန်မာ့ရေနံထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသို့ ကုမ္ပဏီများမှလှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၆၃၇၈၉၈ ဒသမ ၀၈၊ Egypt Red Crescent Association က ယူရိုငွေ ၃၀၀၇၁ ဒသမ ၉၃ တို့ ဖြစ်ကြောင်းသတင်းရရှိသည်။ ဇွန်၁၂ ရက်လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၁၅ သိန်း၊ အမေရိကန်ဒေါ်လာ၆၃၇၈၉၈ ဒသမ ၀၈ နှင့် ယူရိုငွေ ၃၀၀၇၁ ဒသမ၉၃ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်ရှိ လေဘေးသင့်ကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အဖွဲ့ များထွက်ခွာ

ရန်ကုန် ဇွန် ၁၃

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ပြန်လည်ထူထောင်ရေးနှင့် စာရင်းအတိအကျ ကောက်ယူရေးအဖွဲ့ ၁၀ ဖွဲ့သည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ကျေးရွာများသို့ ထွက်ခွာသွားကြသည်။

အဆိုပါ အဖွဲ့များတွင် စိုက်ပျိုးရေး၊ ပညာရေး၊ စက်မှုလယ်ယာနှင့် မြေစာရင်းဌာနများမှ ပါဝင်ပြီး စက်လှေ၁၀စင်းဖြင့် ဘိုးတီလွတ်၊ မြတ်သာဥတို၊ မြတ်သာဇီးဖြူ၊ မြတ်သာရွာမ၊ မိဿလင်ကုန်း၊ သူရဲချောင်း၊ ငုံညင်းတန်း၊ ကျားချောင်း၊ မြတ်သာရွာဝနှင့် လင်းဆွဲ မဲဇလီကျေးရွာများသို့ ထွက်ခွာသွားကြပြီး နေအိမ်၊ စာသင်ကျောင်းများ အမိုးအကာရရှိရေး၊ သောက်သုံးရေရရှိရေး၊ လမ်းတံတားပြုပြင်ရေးစသည့် ပြုပြင်ရှင်းလင်းရေးလုပ်ငန်းများကို စာရင်းကောက်ယူမှုများပြုလုပ်ကာ ကွင်းဆင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆေးဝါးပစ္စည်းများ လျော့နည်းပြတ်လပ်မှုမရှိစေရန် ဖြည့်ဆည်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၃

အထူးကုဆရာဝန်ကြီးများ၊ ကွင်းဆင်းကုသရေးအဖွဲ့ဝင်များနှင့် ကျန်းမာရေးဌာနများအတွက် ဆေးဝါးပစ္စည်းများ လျော့နည်းပြတ်လပ်မှု မရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၁ ရက် နံနက် ၈နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်သည် ဧရာဝတီတိုင်း ကြိမ်ချောင်း၊ စလူဆိပ်၊ သိပ္ပံကုန်းကြီး၊ စက်ဆန်း၊ ကဒုံကနိ၊ ကဒုံဧရာ ကယ်ဆယ်ရေးစခန်းများရှိ ကျန်းမာရေး ဝန်ကြီးဌာန ရှေ့တန်း စခန်းများ၊ ကွင်းဆင်း ကုသရေးအဖွဲ့များထံ ရဟတ်ယာဉ်များဖြင့် ဆေးနှင့်ဆေးပစ္စည်းများ တင်ဆောင်နေမှုကို ကြည့်ရှု၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာနှင့် ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာတို့သို့ သွားရောက်၍ ကယ်ဆယ်ရေး စခန်းတာဝန်ခံများနှင့်လည်းကောင်း၊ ဖျာပုံမြို့နယ် ကဒုံဧရာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်လည်းကောင်းတွေ့ဆုံ၍ ဆေးနှင့်ဆေးပစ္စည်းများ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပလတ်စတစ် အိမ်သာခွက်များ လှူဒါန်း

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် အခြေခံပညာဦးစီးဌာနသို့ ငွေကျပ် ၂၉၂၅၀၀၀ တန်ဖိုးရှိ ပလတ်စတစ် အိမ်သာခွက် ၁၅၀၀ ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ်ရှိ ကျေးရွာများတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ICRC တို့ ပူးပေါင်းပြီး သန့်စင်သော သောက်သုံးရေများ ရရှိနိုင်ရန် ရေကန်အား ဆေးပြားခတ်၍ ပြုပြင်အသုံးပြုနိုင်မည့်စက်များ တပ်ဆင်ပေးထားစဉ်။ (သတင်းစဉ်)

ပေတောမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇွန် ၆ရက်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်း ပေတောမြို့နယ် ကျောက်ကလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကာ အချိန်မီကျောင်းဖွင့်နိုင်ရေးအတွက် စာသင်ကျောင်း ပြင်ဆင်နေမှုနှင့် စာသင်ကြားမည့် အခြေအနေများကို ကြည့်ရှုကာ လေဘေးသင့်ပြီး ပြောင်းရွှေ့နေထိုင်ကြသည့် ရွာသူ၊ ရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ဝန်ကြီးသည် ဇွန် ၇ ရက်တွင် ပြင်ခရိုင် ကျေးရွာကွပ်ကဲရေးရုံး၌ ရေတပ်စခန်းဌာနချုပ်မှူး၊ နယ်မြေခံ တပ်ရင်းမှူး၊ ဌာနဆိုင်ရာများ၊ ပြည်နယ်အဆင့် ပညာရေးဝန်ထမ်းများ၊ စိုက်ပျိုးရေးတာဝန်ခံများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ပေတောမြို့နယ်အတွင်းရှိ ကျေးရွာများမှ စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ခုံလိုအပ်မှုများ၊ စာအုပ်၊ စာရေးကိရိယာများရရှိရေးနှင့် မိုးစပါး အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုကို အရှိန်မြှင့်၍ ဂရုပြုလုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် အုတ်တွင်းကျေးရွာသို့ ရောက်ရှိပြီး ဘုန်းတော်ပြည့်ကျေးရွာ၊ ခုံကြီးကျေးရွာများမှ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ကျေးရွာအတွင်း ပစ္စည်းများ ပေးဝေနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အုတ်တွင်းကျေးရွာ အုပ်စုရုံးကယ်ဆယ်ရေးစခန်းကို ကြည့်ရှုပြီး ဆက်လက်ထွက်ခွာရာ ကျောက်ကလပ်ကျေးရွာ အထက်တန်းကျောင်းခွဲသို့ရောက်ရှိပြီး ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကျောင်းပြင်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ အမြန်ဆုံး ကျောင်းဖွင့်လှစ်နိုင်ရေး နေ့၊ ညကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဇွန် ၈ ရက်တွင် ပြင်ခရိုင် ကွပ်ကဲရေးရုံး၌ ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ စိုက်ပျိုးရေးတာဝန်ခံများအား တွေ့ဆုံပြီး ပေတောမြို့နယ်အတွင်းရှိ ကျေးရွာများမှ လယ်မြေများတွင် မိုးစပါးများ အချိန်မီ စိုက်ပျိုးကြရန်၊ ကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ထမ်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် အသေးစိတ် ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျောက်ကလပ်ကျေးရွာသို့ ရောက်ရှိပြီး ထူပါရုံကျောင်းဆရာတော်အား ဖူးမြော်ကြည်ညို၍ ကျောင်းပြန်လည်ပြုပြင်ရေးဆောင်ရွက်ပေးသည်။

ဆက်လက်၍ အုတ်တွင်းကျေးရွာ အနီးရှိ တောင်ကုန်းပေါ်တွင် ဘုန်းတော်ပြည့်နှင့် ခုံကြီးကျေးရွာများ အတွက် မြေနေရာချထား၍ တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးရာ ဌာနချုပ်မှူးနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီမှ ခုံကြီးကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းဝတ်စုံများ လှူဒါန်းပေးခဲ့သည်။ ထို့နောက် ကျောက်ကလပ်ကျေးရွာ အထက်တန်းကျောင်းခွဲ၌ ကျောင်းသား၊ ကျောင်းသူများအတွက် ရွှေသံလွင်ကုမ္ပဏီနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)တို့မှ လှူဒါန်းသော စာအုပ်များနှင့် အဝတ်အထည်များ လှူဒါန်းပွဲကို တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိလာသ ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဇွန် ၁၃

နိုင်ငံတော် ဩဝါဒါစရိယ ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ် ငုက္ခလေးကျေးရွာ ငုက္ခကျောင်းဆရာတော် သက်တော်(၉၀)နှစ်၊ သိက္ခာတော်(၇၀)ဝါရှိ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိလာသ မဟာထေရ်ဆရာတော်ကြီးသည် (၁၃၇၀ ပြည့်နှစ် နယုန်လဆန်း ၇ ရက်) ဇွန် ၁၀ ရက် (အင်္ဂါနေ့) နံနက် ၀၀း၄၅ နာရီအချိန်တွင် သီတင်းသုံးရာကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

စာသင်ဆောင်သစ်များ ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်

ရန်ကုန် ဇွန် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဇွန်၁၂ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်း မြို့နယ် ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင်လမ်းသွယ်(၁၂)လမ်းရှိ အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးသွားသော စာသင်ဆောင်များနှင့် စာသင်ဆောင်သစ်များ ပြန်လည်တည်ဆောက်ရန်အတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် အသင်းဝင်များက ရှင်းလင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်မှုဆောင် မြို့တော်ဝန်အား တာဝန်ရှိသူများက မူလစာသင်ဆောင်များ အခြေအနေ၊ ကျောင်းသားဦးရေနှင့် ကျောင်းပတ်ဝန်းကျင် ရေစီးရေလာ အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်မှုဆောင်က ကျောင်းအင်္ဂါရပ်နှင့်အညီ တင့်တယ်မှုရှိရေး၊ ကျောင်းသားများ ကျန်းမာရေးနှင့် ညီညွတ်စွာ ပညာသင်ကြားနိုင်ရေးနှင့် ယခင်ကျောင်းသားဦးရေထက် ပိုမိုသင်ကြားနိုင်ရေးတို့အတွက် လိုအပ်သည့် စာသင်ဆောင် အဆောက်အအုံသစ်များ အမြန်ဆုံး ပြန်လည်တည်ဆောက်ရန်နှင့် စပ်လျဉ်း၍ မှာကြားစီမံဆောင်ရွက်ပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ အမှတ်(၇)အခြေခံပညာ မူလတန်းကျောင်း၌ ပြန်လည်တည်ဆောက်မည့် စာသင်ဆောင်သစ်များသည် အလျား ပေ ၁၈၀ နှင့် အနံ ပေ ၃၀ ရှိ Steel Structure အမျိုးအစား နှစ်ထပ်အဆောက်အအုံနှင့် အလျား ပေ ၁၀၀ နှင့် အနံ ပေ ၃၀ ရှိ RC တစ်ထပ် အဆောက်အအုံတို့ ဖြစ်ကြောင်း သိရသည်။ (၁၉)

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ)မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကျောင်းဆောင်သစ်များ ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။(၁၉)

ကာကွယ်ဆေးထိုး

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းတွင် ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးပေးစဉ်။ (သတင်းစဉ်)

The LIVE NEWS ဂျာနယ် အမှတ် (၈၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၃

နိုင်ငံတကာသတင်းများ၊ ပြည်တွင်းသတင်းများ၊ သတင်းသုံးသပ်ချက်များ၊ ဆောင်းပါးများ စုံစုံလင်လင်ဖြင့် The LIVE NEWS ဂျာနယ် အမှတ် (၈၄)ကို ဇွန် ၁၂ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ် ထေရုပ္ပတ္တိအနှစ်ချုပ် ဒီဗွီဒီရိုက်ကူးပြီးစီး၊ မုန်တိုင်းတိုက်ခတ်အပြီး တစ်လအတွင်း ပြည်တွင်းရေကြောင်းမှ ရေယာဉ်များဖြင့် ရေချိုငါး ပိဿာချိန်ပေါင်း တစ်သိန်းကျော် ရန်ကုန်မြို့သို့သယ်ယူပို့ဆောင်ပေးခဲ့၊ စင်ရော်မောင်မောင်နဲ့ ရာဇာနေဝင်းတို့နှစ်ဦး ရွှေသံလွင်ကုမ္ပဏီနဲ့အတူ ပူးတွဲသွားရောက်ခဲ့တဲ့ ဟိုင်းကြီးကျွန်း အလှူခရီး၊ အစ္စရေးက အီရန်ကို တိုက်တော့မည်လော၊ ဥရောပ အတ္တလန္တိတ် လုံခြုံရေးစာချုပ်သစ်တစ်ရပ် ထူထောင်ရန် ရုရှားသမ္မတသစ်တိုက်တွန်း၊ ကမ္ဘာ့စားနပ်ရိက္ခာပြဿနာဖြေရှင်းရေး ထိပ်သီးညီလာခံကျင်းပ၊ ပါကစ္စတန် ရဲတပ်ဖွဲ့က အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်မှုကြီးတစ်ရပ်ကို ကြိုတင်ဟန့်တား ဖြိုခွဲနိုင်ခဲ့၊ ဆင်ဖြူကျွန်းအောင်သိန်း၏ သက်လျာမဂ္ဂဇင်းနှင့် အန္တယ်တူများ၊ မြင်းမူမောင်နိုင်မိုး၏ လောကနီတိ၊ နီမင်းဆွေ၏ ကမ္ဘာမဲ့ဇရာ (No Country for Old Man)၊ ကိုကိုလှိုင်၏ နိုင်ငံတကာအကူအညီများနှင့် ပတ်သက်၍၊ ဦးကို၏ လမ်းပေါ်ကအတွေးများ(၁၄) စောချင်တဲ့ ကားများ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရွှာသစ်ချောင်းအနောက်က **'ကောလိပ်လမ်း'** အမည်ရခဲ့တဲ့ **'သခင်မြပန်းခြံလမ်း'** (College Street)၊ အောင်ကျော်ဆန်း၏ မိုးသက်မုန်တိုင်း နာဂစ်လေပွေ လှိုင်းကြီး လွန်လေသော်၊ အာရှမိုး၏ အပြိုးနဲ့သံသရာချေဖို့ ကြိုးပမ်းလာကြတဲ့ တရုတ်ပြည်မနဲ့ တရုတ်(တိုင်ပေ)၊ မောင်နေလင်း၏ တက္ကစီမင်းနှင့် ကိန္နရီချောင်းခြား သားအဖ၊ ဆြာစန်း၏ ဤတစ်ပတ်တွက်တာ သင့်ဘဝကံကြမ္မာအဖြေရှာ၊ ရာဇဝင်တွင်တဲ့ သူရဲကောင်းအပိုင်း (၇၅၊ ၇၆)၊ ပင်လယ်ပျော်မင်းသား အပိုင်း (၁၊ ၂၊ ၃၊ ၄) ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့်ဖတ်ရှုလိုသူများ သုံးလ ၁၃ စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ်၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း (၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Services) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၁၈၉၂၈၅ သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လူမလိမ္မာ ကျွန်ုပ်မိစ္ဆာ(သို့မဟုတ်) သတင်းမုဆိုးနှင့် မနုဿမုဆိုးများ

ပြီးခဲ့တဲ့ မေလဆန်းမှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရတဲ့ ဒေသတွေက အသက်ရှင်ကျန်ရစ်သူတွေ ဆက်လက် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲပူးပေါင်းပြီး ကယ်ဆယ်ရေးနဲ့ ကူညီစောင့်ရှောက်ရေးလုပ်ငန်းတွေကို အပြေးအလွှား အပူတပြင်း ဆောင်ရွက်ပေးခဲ့ကြပါတယ်။

အဲဒီမေလထဲမှာပဲ SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကတော့ ရိုးသားစွာအသက်မွေးဝမ်းကျောင်းပြုနေသူတွေကို ဆက်လက်အသက်ရှင် ရပ်တည်ခွင့်မပေးဘဲ တုတ်၊ ဓားလက်နက်တွေနဲ့ ရက်ရက်စက်စက် ထိုးခုတ်သတ်ဖြတ်ပြီး သေတွင်းထဲကို ပို့ပစ်ခဲ့တယ်။

မုန်တိုင်းကျရောက်ချိန် မြစ်ဝကျွန်းပေါ်ဒေသက ရွာတစ်ရွာမှာ ရွာသူ၊ ရွာသားတွေကို ဘေးလွတ်ရာကို ရွှေ့ပြောင်းခိုလှုံကြဖို့ နှိုးဆော်ပို့ဆောင်ရင်း တပ်မတော်သားရဲဘော်လေးတစ်ဦး အသက်ပေးလှူသွားခဲ့ရတယ်။ မြစ်ဝကျွန်းပေါ်ဒေသ မြို့တစ်မြို့ကနေ မြို့နယ်အတွင်းမှ ရွာနီးချုပ်စပ်တွေဆီကို ပဲ့ထောင်စက်လှေတွေနဲ့ ကယ်ဆယ်ရေးအဖွဲ့တွေ အမြန်စေလွှတ်ရှာဖွေစေခဲ့လို့ လေဘေးဒုက္ခသည် ၅၉၇ ဦးကို အချိန်မီ ရှာဖွေတွေ့ရှိကယ်ဆယ်နိုင်ခဲ့တယ်။ မေလ ၁၄ ရက်နေ့အထိ တပ်မတော်ရဟတ်ယာဉ်တွေနဲ့ ဒုက္ခသည် ၆၃၇ဦးကို ကယ်ဆယ်သယ်ယူ ရွှေ့ပြောင်းပေးနိုင်ခဲ့တယ်။ အရေးပေါ်လူနာ ၅၁ ဦးကို အထူးကုဆေးရုံကြီးတွေဆီကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့တယ်။ နယ်မြေအချို့မှာ ရေပြင်အတိလွှမ်းနေလို့ ရဟတ်ယာဉ်ဆင်းမရပေမယ့် ရှာဖွေမြင်တွေ့နေရတဲ့ ဒုက္ခသည်တွေဆီ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းတွေကို အနီးကပ်ဆုံး ပျံသန်းချပေးခဲ့ကြလို့ ဒုက္ခသည်တွေ အသက်ဆက်ပြီး ကယ်ဆယ်ရေးစခန်းတွေဆီ အရောက်လှမ်းနိုင်ခဲ့ကြတယ်။

အဲဒီသတင်းတွေကို နိုင်ငံပိုင် သတင်းစာတွေမှာရော ပုဂ္ဂလိက စာနယ်ဇင်းတွေမှာပါ ဖတ်ရှုသိရှိခဲ့ရတာဖြစ်ပါတယ်။ တစ်ချို့သတင်းမြင်ကွင်းတွေကို ရုပ်မြင်သံကြားမှာ တွေ့မြင်ခဲ့ရပါတယ်။ အဲဒီ သတင်းမြင်ကွင်းတွေထဲမှာ လိမ်တာ၊ညာတာ၊ ဝါဒဖြန့်တာ တစ်ခုမှမပါဘူးဆိုတာ ဖြတ်သန်းခဲ့ရတဲ့ သတင်းသမားဘဝ အတွေ့အကြုံအရ ခံစားသိရှိနေပါတယ်။ ထိမ်ချန်တာတွေ ရှိနေမလားဆိုပြီး ယထာဘူတကျကျ ဆန်းစစ်ကြည့်ခဲ့ပါသေးတယ်။ မြစ်ဝကျွန်းပေါ်တောင်ပိုင်းဆိုတာ သစ်ပင်တစ်ပင်ရဲ့ အမြစ်တွေလိုပဲ ချောင်းငယ်၊မြောင်းငယ်၊ ချောင်းလက်တက်၊မြစ်လက်တက်တွေ အလွန်ပေါများတဲ့ ဒေသဖြစ်ပါတယ်။ ဒေသအတွင်း ရှိရှိသမျှ လှေသမ္ဗန်နဲ့ ပဲ့ထောင်စက် အားလုံးနီးပါး နစ်မြုပ်ပျက်စီးသွားသလောက်ဖြစ်ခဲ့တာမို့ လတ်တလော အနေအထားမှာ နေရာအနှံ့ကို ရောက်အောင် ချက်ချင်းသွားဖို့ အခြေအနေမပေးခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် ရှိသမျှ ရဟတ်ယာဉ်တွေနဲ့ လှည့်လည်ပျံသန်း ကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးပစ္စည်းတွေလည်းပို့၊ ဒုက္ခသည်တွေကို ရွှေ့ထုတ်၊ လူနာတွေကိုလည်း သယ်ပို့နဲ့ ပျားပန်းခတ်သလို လုပ်ဆောင်ပေးနေရတယ်ဆိုတာ ခံစားနားလည်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလို လတ်တလော အပူတပြင်း အပြေးအလွှားလုပ်ဆောင်နေရချိန်မှာ အစိုးရနဲ့ ပုဂ္ဂလိကမီဒီယာသမားတွေ၊ ကူညီထောက်ပံ့လှူဒါန်းသူတွေအနေနဲ့ နေရာအနှံ့ကို ဘယ်လိုခြေဆန့်ပြီး ရောက်ရှိနိုင်မလဲ၊ ရောက်

လေ့လာသူတစ်ဦး

သွားတယ်ဆိုသည့်တိုင် လေဘေးသင့် ဒေသတစ်ခုလုံးကို လွှမ်းခြုံရှုမြင် သုံးသပ်နိုင်စွမ်းရှိနိုင်ပါ့မလား၊ အလုံးစုံရဲ့ တစ်စိတ်တစ်ပိုင်းကိုသာ တွေ့မြင်ပြီး သတင်းကို အရှိအတိုင်း မဖော်ပြဘဲ ခံစားချက်တွေ၊ ထင်မြင်ယူဆချက်တွေ၊ ဝေဖန်သုံးသပ်ချက်တွေနဲ့ ရောသမမွှေလိုက်ကြတာမို့ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်အုပ်စုအတွက် မျက်ဖြူဆိုက်လေဆရာကြိုက်လေ အကွက်ထဲ ဝင်သွားခဲ့ကြကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

သူတို့အတွက်တော့ ဒါဟာ ပွဲကြီးပွဲကောင်းပါ၊ လူသားချင်း စာနာထောက်ထားမှုနဲ့ ကူညီချင်ပါတယ်ဆိုတဲ့သူတွေဟာ စာနာထောက်ထားမှု၊ နားလည်သဘောပေါက်မှုတွေကို လျစ်လျူရှုပြီး လူသားများအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုဆိုတာနဲ့တောင် ခေါင်းစဉ်ပြောင်းပြီး မီးစတစ်ဖက် ရေမှုတ်တစ်ဖက်နဲ့ ကမ္ဘာကို မျက်လှည့်ပြခဲ့ကြပါတယ်။ ရေနစ်သူကို ဝါးကူထိုးဖို့ ကြိုးစားနေကြတာ ဖြစ်ပါ

SSA-S အကြမ်းဖက်သောင်းကျန်းသူများက သတ်ဖြတ်ခဲ့သော်လည်း အသက်မသေဘဲ လွတ်မြောက်လာသူ ဦးသန်းဇော် (၃၃)နှစ် (ဘ)ဦးသန်းမောင်အား ရရှိခဲ့သော ဒဏ်ရာများကို ချုပ်ပြီး၊ ပတ်တီးစည်းပြီးနောက် မြင်တွေ့ရစဉ်။

တယ်။ မိုးလုံးပြည့် မုသာဝါဒီတွေက စိတ်ဓာတ်မှန်တိုင်း ထပ်ဆင်နေတာ တွေ့နေရပါတယ်။

လေဘေးသင့် ပြည်သူတွေကို ကယ်ဆယ်ကူညီရေးမှာ အလွန်ကျယ်ပြန့်မှု၊ အခက်အခဲအမျိုးမျိုးရှိမှုတွေကြောင့် ဖြစ်ခဲ့ရတဲ့ အားနည်းမှုလေးတွေကို တစ်ဆိတ်တစ်အိတ်လုပ်ပြီး "လူသားများအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှု"လို့ ခေါင်းစဉ်တပ် ကြွေးကြော်ခဲ့ကြတဲ့ မိုးလုံးပြည့် မုသာဝါဒီသမားတွေဟာ SSA-S ရှက်ဆစ်အဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကုန်းလေမုတ်ကျေးရွာမှာ အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီး ကျူးလွန်ခဲ့တဲ့သတင်းကိုတော့ ရေငုံနှုတ်ပိတ် လုပ်နေကြတာတွေ့ရပါတယ်။ အိပ်ချင်ယောင်ဆောင်နေခဲ့ကြပါတယ်။ သတင်း မှောင်ချထားပါတယ်။ ပြည်ပသတင်းဌာနတွေမှာ ဘယ်လိုများ ထင်မြင် သုံးသပ်ချက်ပေးမလဲလို့ စောင့်ကြည့်လေ့လာခဲ့ပေမယ့် မေလ ၃၁ ရက် ညပိုင်း BBC မှာ SSA-S က လူသတ်မှု ကျူးလွန်တာနဲ့ပတ်သတ်ပြီး အစိုးရအပေါ် အပြစ်ပုံချ

ဒဏ်ရာရသူ ဦးသားငင် (၂၃)နှစ်အား ဆေးရုံတင် ကုသရန် တပ်မတော်သားများက ကူညီဆောင်ရွက်ပေးနေစဉ်။

ထုတ်လွှင့်သွားတဲ့ သတင်းတစ်ပုဒ်ကလွဲလို့ တစ်ခြားဘာမှ မကြားသိခဲ့ရပါဘူး။

ဒါဟာ ဘာအတွက်လဲ၊ ဘာကြောင့်လဲ။ မြန်မာအစိုးရလုပ်သမျှ အပုပ်ချ၊ အကြမ်းဖက်အဖျက်သမားတွေလုပ်သမျှ ဟုတ်သပဆိုတဲ့ မူဝါဒကြောင့်လား၊ သိန်းနဲ့ချီတဲ့ ဒုက္ခသည်တွေရဲ့ အသက်ကို ကိုယ့်အားကိုယ်ကိုးပြီး ကယ်ဆယ်တာကို အပြစ်မြင်ပြီး အပြစ်မဲ့ပြည်သူ တစ်ဒါဇင်ခန့်ကို ပြည်ပအားကိုးနဲ့ သတ်ဖြတ်တာကို အချစ်ဝင်နေလို့လား၊ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်အုပ်စုတွေပြောခဲ့သမျှ၊ ထုတ်လွှင့်ခဲ့သမျှ သတင်းဖြစ်စဉ်တွေအားလုံးက အဲဒီကောက်ချက်တွေကိုပဲ ညွှန်ပြနေတာ တွေ့နေရပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အကောင်းမမြင်တဲ့ သတင်းတွေကိုသာ ထမင်းမေ့၊ ဟင်းမေ့၊ ဆွေမေ့မျိုးမေ့၊ တစ်နေ့တစ်မျိုး မရိုးရအောင် ထုတ်လွှင့်သွေးထိုးနေတဲ့ သတင်းမုဆိုးတွေကို မုဆိုးစိုင်သင်တယ်လို့တော့ မထင်လိုက်ပါနဲ့။ ပြည်ပသတင်းဌာနမှာ သတင်းမုဆိုးကြီးတွေဖြစ်လို့ သတင်းခြေရာခံ၊ ခြေရာကောက်တဲ့ အတတ်ပညာမှာ တစ်ဖက်ကမ်းခတ်နေမှာပါ။ ဒါပေမယ့် တစ်ဖက်မြင်၊ တစ်ဖက်ကန်းနေတာလား၊ မေ့ပင်အောက်ရောက်ပြီး တမင်မေ့ပျောက်ထားတာလား မသိရလို့ SSA-S ရှက်ဆစ်အဖွဲ့ဆိုတာ ဘာလဲ၊ ဘယ်လဲဆိုတာ သရုပ်ခွဲပြချင်ပါတယ်။

SSA-S ရှက်ဆစ်အဖွဲ့ဟာ ဘိန်းမှောင်ခိုအကြမ်းဖက်အဖျက်သမားအဖွဲ့သာ ဖြစ်ပါတယ်။ နယ်ချဲ့လက်သစ်နိုင်ငံကြီးက မြန်မာနိုင်ငံအပေါ် နောက်ကျောကို ဓားနဲ့ထိုးဖို့ လုပ်ကြံလာတာကြောင့် ဦးခွန်ဆာ ဦးဆောင်တဲ့ MTA အဖွဲ့ဟာ ၁၉၉၆ခုနှစ် ဇန်နဝါရီလမှာ လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲပြီး ဥပဒေဘောင်အတွင်း

SSA-S အကြမ်းဖက် သောင်းကျန်းသူများက သစ်ခုတ်သမားတစ်ဦး၏ လည်ပင်းကို ဓားဖြင့်လှီး၍ ရက်ရက်စက်စက် သတ်ဖြတ်ထားစဉ်။

ဝင်ရောက်လာခဲ့တယ်၊ ရှက်ဆစ်ဟာ MTA အဖွဲ့နဲ့အတူ ပါလာပြီးမှ ဘိန်းမှောင်ခိုအကြွေးတွေပြန်ရဖို့ မူးယစ်ဆေးမှောင်ခိုလုပ်ငန်းကို ဆက်လုပ်လိုတဲ့အတွက် တောပြန်ခိုခဲ့တယ်။ အဲဒီကနေ ရှမ်းသောင်းကျန်းသူ လက်ကျန် ခွန်ကြာနုတို့နဲ့ ဆက်သွယ်မိပြီး နယ်စပ်မှာ SURA ဆိုတာကို ဖွဲ့ပြီး လက်နက်ကိုင် သောင်းကျန်းခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ SSA-S လို့ အမည်ခံခဲ့တယ်၊ ရှက်ဆစ်အဖွဲ့ရဲ့ ဌာနချုပ်ဟာ မိုင်းန၊ လွယ်တိုင်းလှျံမှာ အခြေပြုထားတယ်။ နိုင်ငံခြားသားတွေ၊ ပြည်ပသတင်းမီဒီယာတွေ တံခါးမရှိ၊ ဓားမရှိ ဥဒဟို ဝင်ထွက်နေတဲ့နေရာမို့ သတင်းမုဆိုးကြီးတွေလည်း ရောက်ဖူးကြမှာ သေချာပါတယ်။ အဲဒီလွယ်တိုင်းလှျံအနီးတစ်ဝိုက်မှာ ဘိန်းချက်စခန်းတွေ ရှိတယ်၊ ငွေစက္ကူအတုလုပ်တဲ့စက်တွေ ထားတယ်ဆိုတဲ့ သတင်းအနံ့ကိုလည်း ခံမိကြမှာပါ။ ဒီနေရာမှာ စာရှည်သွားမှာမို့ ရှက်ဆစ်အဖွဲ့ရဲ့ ဗမာမုန်းတီးရေးဝါဒကို ဗန်းပြ၊ ရှမ်းလူမျိုးကြီးဝါဒကို ကျင့်သုံးပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ၊ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးမှုတွေ၊ အစုလိုက်အပြုံလိုက် မုဒိမ်းကျင့်မှုတွေကိုပဲ အဓိကထား ဖော်ပြသွားပါ့မယ်။

၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ ပန်တဝိရွာရှိ တပ်မတော်စခန်းကို အလုံးအရင်းနဲ့ တိုက်ခိုက်ပြီး မနိုင်လို့ ပြန်ဆုတ်ရချိန်မှာ ရွာလုံးကျွတ် မီးတင်ရှို့ခဲ့တယ်။ ရွာသူ ရွာသားတွေကိုလည်း ပစ်ခတ်သတ်ဖြတ်ခဲ့လို့ လူ ၆၀ သေပြီး ၃၀ ဒဏ်ရာရခဲ့တယ်။

၁၉၉၇ခုနှစ် ဇန်နဝါရီလ ၁၈ရက်နေ့ ညမှာ နမ့်စန်မြို့နယ်မှ မီးသွေးကုန်း(ဗမာရွာ)ကို မီးဝင်ရှို့ပြီး အမျိုးသမီးတွေကို အဓမ္မပြုကျင့်ခဲ့တယ်။ ကလေးလူကြီး ၁၃ ယောက် သတ်ဖြတ်ခံရပြီး ရှစ်ယောက်ဒဏ်ရာရခဲ့တယ်။

အဲဒီနှစ် ဇန်နဝါရီလ ၂၈ရက်နေ့မှ
ရပ်ကွက်(၆)မှ မီးသွေးလာဖုတ်တဲ့ အရ
ကိုဖမ်းပြီး အကြောင်းမဲ့ ရက်ရက်စက်
ခဲ့တယ်။

ဇွန်လ ၁၃ ရက်နေ့မှာ ကွန်ဟိ
ကားလမ်းတစ်နေရာကနေ ခရီးသည်
အစီး ၅၀ ကို ဓားပြတိုက်လုယက်ပြီး
တွေကို အဓမ္မပြုကျင့်ခဲ့တယ်။ ခရီးသည်
ဗမာလူမျိုး တွေကို သီးခြားစုဝေးထိုင်ခို
ပစ်ခတ်ခဲ့လို့ ၂၆ဦးသေပြီး ငါးဦး ဒဏ်

၁၉၉၈ခုနှစ် မေလ ၂၁ရက်နေ့မှာ
ရုပ်ရှင်ရုံအတွင်း ချိန်ကိုက်မိုင်းခွဲခဲ့လို
၁၁ဦး ဒဏ်ရာရခဲ့တယ်။ အဲဒီနှစ် အော
၁၈ရက်နေ့မှာ ပင်လုံ-လဲချားကားလ
တောင်ရွာအနီးမှ ကျောက်ခွဲအလုပ်သ
ကို တုတ်တွေ၊ ဓားတွေနဲ့ ရိုက်နှက်
ဖြတ်ခဲ့တယ်။

၂၀၀၃ ခုနှစ် မတ်လ ၂၄ရက်နေ့
မြို့ လွိုင်ကုံကျေးရွာ ဂူကျောင်းကို
ပစ်ခတ်လို့ ဦးပဉ္ဇင်းတစ်ပါး ပျံလွ
ကိုရင်တစ်ပါး ဒဏ်ရာရခဲ့တယ်။

၂၀၀၅ခုနှစ် မတ်လ ၂၆ရက်
မြို့နယ်အတွင်း ပအိုဝ်းတိုင်းရင်းသား
နေထိုင်တဲ့ ထီတခု၊ နောင်ဒေး၊ မုန်းလွ
တွေကို မီးတင်ရှို့ခဲ့လို့ အိမ်ခြေ ၁၀၀
ပျက်စီးပြီး ရွာသူရွာသား ၄၄၆ဦး အိုးမဲ့
ရတယ်။ ထီတခုရွာ မူလတန်းကျော
တန်းကျောင်းကိုလည်း မီးရှို့ဖျက်ဆီးခဲ့

ဒါတွေဟာ SSA-S ရှက်ဆစ်
လိုက် အပြုံလိုက် သတ်ဖြတ်မှု သာ
ဖြစ်ပါသေးတယ်။ တစ်ဦးစနှစ်ဦး
သတ်ဖြတ်မှုတွေ အမြောက်အမြားကျူး
အဓမ္မ လူသစ်စုဆောင်းမှုတွေကိုလ
မပြတ်လုပ်ခဲ့တယ်။ အရွယ်မရောက်သေ
သူငယ်ကိုတောင်မချန်ဘဲ အဓမ္မဖမ်းဆီ
နေလို့ မိဘတော်တော်များများဟာ က
တွေကို ရွာမှာမထားရဲဘဲ နီးစပ်ရာမြ
ဘုန်းကြီးကျောင်းတွေပို့ပြီး ကိုရင်ဝတ်
အထိ မိသားစုခွဲခွာရမှုတွေ ဖြစ်ပွား

ဒီလုပ်ရပ်တွေ၊ ဖြစ်စဉ်တွေ
မှတ်တမ်းဓာတ်ပုံတွေ၊ စာအုပ်စာစော
မှတ်တမ်းတင် ထုတ်ဝေဖြန့်ချိပြီး
သတင်းမုဆိုးကြီးတွေဆီမှာ တော
အဖြစ် စုဆောင်းသိမ်းဆည်းထားရမယ်
အထားတွေပါ။

ခိုင်လုံတဲ့ နောက်ထပ် အထေ
တစ်ခုကို လမ်းညွှန်ပါဦးမယ်။ SSA
အဖွဲ့ရဲ့ ဖော်ပြပါလုပ်ရပ်တွေကို တား
လုံးဝလက်မခံနိုင်တော့ဘဲ ၂၀၀၆ ခုနှ
၆ ရက် နေ့မှာ အဲဒီအဖွဲ့ရဲ့ ဒုစစ်ဦးစီ
ရှိသူ တပ်မဟာ(၇၅၈) တပ်မဟာမှူး
တပ်ဖွဲ့ဝင် ၈၄၈ ဦးဟာ လက်နက်ခဲ
ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့

အဲဒီနှစ် ဇန်နဝါရီလ ၂၈ရက်နေ့မှာပဲ နမ့်စန်မြို့ ရပ်ကွက်(၆)မှ မီးသွေးလာဖုတ်တဲ့ အရပ်သား ၂၁ဦး ကိုဖမ်းပြီး အကြောင်းမဲ့ ရက်ရက်စက်စက် ပစ်သတ်ခဲ့တယ်။

ဇွန်လ ၁၃ ရက်နေ့မှာ ကွန်ဟိန်း-ကျိုင်းတုံ ကားလမ်းတစ်နေရာကနေ ခရီးသည်တင် ယာဉ်အစီး ၅၀ ကို ဓားပြတိုက်လုယက်ပြီး အမျိုးသမီးတွေကို အဓမ္မပြုကျင့်ခဲ့တယ်။ ခရီးသည်တွေအထဲက ဗမာလူမျိုး တွေကို သီးခြားစုဝေးထိုင်ခိုင်းပြီး ဝိုင်းဝန်းပစ်ခတ်ခဲ့လို့ ၂၆ဦးသေပြီး ငါးဦး ဒဏ်ရာရခဲ့တယ်။

၁၉၉၈ခုနှစ် မေလ ၂၁ရက်နေ့မှာ မန္တလေးမြို့မ ရပ်ရှင်ရုံအတွင်း ချိန်ကိုက်မိုင်းခွဲခဲ့လို့ တစ်ဦးသေပြီး ၁၁ဦး ဒဏ်ရာရခဲ့တယ်။ အဲဒီနှစ် အောက်တိုဘာလ ၁၈ရက်နေ့မှာ ပင်လုံ-လဲချားကားလမ်း ကျောက်တောင်ရွာအနီးမှ ကျောက်ခွဲအလုပ်သမားခြောက်ဦး ကို တုတ်တွေ၊ ဓားတွေနဲ့ ရိုက်နှက်ထိုးခုတ် သတ်ဖြတ်ခဲ့တယ်။

၂၀၀၃ ခုနှစ် မတ်လ ၂၄ရက်နေ့မှာ ကွန်ဟိန်းမြို့ လွိုင်ကုံကျေးရွာ ဂူကျောင်းကို ဝင်ရောက်ပစ်ခတ်လို့ ဦးပဥ္စင်းတစ်ပါး ပျံလွန်တော်မူပြီး ကိုရင်တစ်ပါး ဒဏ်ရာရခဲ့တယ်။

၂၀၀၅ခုနှစ် မတ်လ ၂၆ရက်နေ့မှာ ဟိုပုန်းမြို့နယ်အတွင်း ပအိုဝ်းတိုင်းရင်းသားတွေ အများစုနေထိုင်တဲ့ ထီတခု၊ နောင်ဒေး၊ မုန်းလွတ်၊ ပန်မိုင်းရွာတွေကို မီးတင်ရှို့ခဲ့လို့ အိမ်ခြေ ၁၀၀ကျော် မီးလောင်ပျက်စီးပြီး ရွာသူရွာသား ၄၄၆ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရတယ်။ ထီတခုရွာ မူလတန်းကျောင်းနဲ့ အလယ်တန်းကျောင်းကိုလည်း မီးရှို့ဖျက်ဆီးခဲ့တယ်။

ဒါတွေဟာ SSA-S ရှက်ဆစ်အဖွဲ့ရဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု သာဓကအချို့သာ ဖြစ်ပါသေးတယ်။ တစ်ဦးစနှစ်ဦးစ ပစ်ခတ်သတ်ဖြတ်မှုတွေ အမြောက်အမြားကျူးလွန်ခဲ့တယ်။ အဓမ္မ လူသစ်စုဆောင်းမှုတွေကိုလည်း အဆက်မပြတ်လုပ်ခဲ့တယ်။ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်ကိုတောင်မချန်ဘဲ အဓမ္မဖမ်းဆီးခေါ်ဆောင်နေလို့ မိဘတော်တော်များများဟာ ကလေးသူငယ်တွေကို ရွာမှာမထားရဲဘဲ နီးစပ်ရာမြို့ကြီးတွေက ဘုန်းကြီးကျောင်းတွေပို့ပြီး ကိုရင်ဝတ်ခိုင်းနေရတဲ့ အထိ မိသားစုခွဲခွာရမှုတွေ ဖြစ်ပွားနေပါတယ်။

ဒီလုပ်ရပ်တွေ၊ ဖြစ်စဉ်တွေကို သတင်းမှတ်တမ်းဓာတ်ပုံတွေ၊ စာအုပ်စာစောင်တွေအဖြစ် မှတ်တမ်းတင် ထုတ်ဝေဖြန့်ချိပြီး ဖြစ်ပါတယ်။ သတင်းမုဆိုးကြီးတွေဆီမှာ တောတွင်းလမ်းညွှန်အဖြစ် စုဆောင်းသိမ်းဆည်းထားရမယ့် အထောက်အထားတွေပါ။

ခိုင်လုံတဲ့ နောက်ထပ် အထောက်အထားတစ်ခုကို လမ်းညွှန်ပါဦးမယ်။ SSA-S ရှက်ဆစ်အဖွဲ့ရဲ့ ဖော်ပြပါလုပ်ရပ်တွေကို တားမရ ဆီးမရလို့ လုံးဝလက်မခံနိုင်တော့ဘဲ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၆ ရက် နေ့မှာ အဲဒီအဖွဲ့ရဲ့ ဒုစစ်ဦးစီးချုပ်အဆင့်ရှိသူ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်နဲ့ တပ်ဖွဲ့ဝင် ၈၄၈ ဦးဟာ လက်နက်ခဲယမ်းတွေနဲ့အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပါတယ်။

ဦးမိန်းစင်အဖွဲ့ရဲ့ လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်တဲ့အခမ်းအနားကို သံတမန်တွေ၊ ကုလသမဂ္ဂ အေဂျင်စီများမှ တာဝန်ရှိသူတွေ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာတွေလည်း တက်ရောက် သတင်းယူခဲ့ကြပါသေးတယ်။ သတင်းမုဆိုးကြီးတွေတောင် ရှက်ဆစ်အဖွဲ့ လုံးဝဥဿုံ ပြိုကွဲပျက်သုဉ်းသွားမှာကို စိုးရိမ်ပူပန်ပြီး အတို့အထောင်သတင်းတွေနဲ့ ဝင်ထိန်းပေးခဲ့ကြသေးတယ်မဟုတ်လား။

အဲဒီအခမ်းအနားမှာ တပ်မဟာ(၇၅၈) ဒု-တပ်မဟာမှူး ဦးစိုင်းတက **"ရှက်ဆစ်ဟာ ဗမာမုန်းတီးရေးဝါဒ စွဲကိုင်သူပါ။ သူ့ညွှန်ကြားချက်နဲ့ သတ်ဖြတ်ခြင်းခံရတဲ့ မီးသွေးကုန်းရွာသားတွေ၊ လမ်းခင်းလုပ်သားတွေ၊ ခရီးသည်တွေ မနည်းတော့ပါဘူး။ ကားတွေကို ဓားပြတိုက်၊ ဗမာဆိုရင်သတ်၊ မိန်းမဆိုရင် မုဒိမ်းကျင့်၊ ပြီးရင် ပါသမျှငွေတွေကို ယူဆိုတဲ့ လုပ်ရပ်တွေဟာ လူမဆန်တဲ့ အကြမ်းဖက် လုပ်ရပ်တွေပါ။ ပအိုဝ်းရွာတွေကိုလည်း တပ်မတော်ကို သတင်းပေးတယ်ဆိုပြီး စာသင်ကျောင်းပါမကျန် မီးရှို့ပစ်ခိုင်းတာတွေ၊ ပအိုဝ်းတွေကို ရှမ်းပြည်နယ်က မောင်းထုတ်တာတွေဟာ လူမျိုးရေးအမြင် ကျဉ်းမြောင်းပြီး အကြမ်းဖက် လုပ်ရပ်တွေဖြစ်တဲ့အတွက် ခွဲထွက်ချင်ခဲ့တာ ကြာပါပြီ"**လို့ ရှင်းလင်းပြောကြားသွားတာ မှတ်မိကြဦးမှာပါ။

SSA-S ရှက်ဆစ်အဖွဲ့ဟာ နိုင်ငံတော်နဲ့ ပြည်သူအပေါ် အကြမ်းဖက် နှောင့်ယှက်တိုက်ခိုက်မှုတွေကို အကြိမ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ပြပါ အထောက်အထားတွေ ခိုင်လုံစွာ တွေ့ရှိရတဲ့အတွက် ရှက်ဆစ်ဦးစီးတဲ့ SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ အဖွဲ့ဝင်တွေကို နိုင်ငံတော်အစိုးရက ၂၅-၈-၂၀၀၆ ရက်နေ့မှာ အကြမ်းဖက်သူများ (Terrorists)ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

ဒါပေမယ့် သူတို့ရဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို မသိကျိုးကျွန်ပြုပြီး သတင်းစပေါ်လာရင်လည်း သာသာထိုးထိုး ဖုံးဖုံးဖိဖိနဲ့ တပည့်မွေးထားသူတွေရှိနေလေတော့ SSA-S ရှက်ဆစ်အဖွဲ့ဟာ မြင်းကိုချိတပ်ပေးထားသလို အကြမ်းဖက်မှုတွေကို လက်ရဲဇက်ရဲနဲ့ အစုလိုက်အပြုံလိုက် သတ်မြဲသတ်ဆဲပါပဲ။

ပြီးခဲ့တဲ့ မေလ ၂၈ ရက်နေ့က မောက်မယ်မြို့နယ် ကုန်းလေမုတ်ကျေးရွာအနီးမှာ အသတ်ခံရတဲ့ သစ်စက်လုပ်သား ၁၁ ဦးရဲ့အဖြစ်ကတော့ မရှုရက်မမြင်ရက်စရာပါပဲ။ အဲဒီသတင်းနဲ့ ပတ်သက်လို့ မေလ ၃၁ရက်နေ့ထုတ် သတင်းစာတွေမှာ ထုတ်ပြန်ဖော်ပြပေးခဲ့ပြီးဖြစ်ပါတယ်။ သူတို့အားလုံးဟာ ဗမာနဲ့ ပအိုဝ်းတွေ ဖြစ်ပါတယ်။

SSA-S အကြမ်းဖက် သောင်းကျန်းသူများက ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သော သစ်ခုတ်သမား ကိုးဦး၏ အလောင်းများကို တွေ့ရစဉ်။

ပြီးခဲ့တဲ့ မေလဆန်းမှာ နာဂစ်ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရတဲ့ ဒေသတွေက အသက်ရှင် ကျန်ရစ်သူတွေ ဆက်လက် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲပူးပေါင်းပြီး ကယ်ဆယ်ရေးနဲ့ ကူညီစောင့်ရှောက်ရေး လုပ်ငန်းတွေကို အပြေးအလွှား အပူတပြင်း ဆောင်ရွက်ပေးခဲ့ကြပါတယ်။

အဲဒီမေလထဲမှာပဲ SSA-S အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ကတော့ ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေသူတွေကို ဆက်လက် အသက်ရှင်ရပ်တည်ခွင့်မပေးဘဲ တုတ်၊ဓား လက်နက်တွေနဲ့ ရက်ရက်စက်စက် ထိုးခုတ်သတ်ဖြတ်ပြီး သေတွင်းထဲကို ပို့ပစ်ခဲ့တယ်။

SSA-S ရှက်ဆစ်အဖွဲ့က "မင်းတို့တွေကို အကုန်သတ်ပစ်မယ်"လို့ ကြိမ်းဝါးပြီး ကြက်တွေကို လည်လှီးသလို လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတာပါ။ လည်မလှီးခင်မှာ မချိမဆန့်ဖြစ်အောင် တုတ်တွေနဲ့ ဝိုင်းရိုက်ခဲ့ပါသေးတယ်။ လုပ်ပုံကတော့ ဗကပနဲ့ ၈၈ အကြမ်းဖက်သမားတွေတောင် ဆရာတင်လောက်ပါတယ်။ ဗကပက ဖြုတ်၊ထုတ်၊သတ် လုပ်ခဲ့ရာမှာ ဝါးရင်းတုတ်နဲ့ပဲ ရိုက်သတ်ခဲ့တယ်။ ၈၈ အကြမ်းဖက်သမားတွေကတော့ တုတ်မသုံးဘဲ ဓားနဲ့ ခေါင်း

SSA-S အကြမ်းဖက် သောင်းကျန်းသူများက သတ်ဖြတ်ခဲ့သော်လည်း အသက်မသေဘဲ လွတ်မြောက်လာသူ ဦးသားငင် ရရှိခဲ့သော ဒဏ်ရာများကို မောက်မယ်ပြည်သူ့ဆေးရုံ၌ ချုပ်ပေးနေစဉ်။

ဖြတ် သတ်ခဲ့တယ်။ ခု SSA-S က တုတ်ရောဓားရော သုံးခဲ့တာ တွေ့ရတယ်။ အဲဒီ ၁၁ ဦးထဲက တစ်ဦးက ဒဏ်ရာကြီးနဲ့ ထွက်ပြေးလွတ်မြောက်လာလို့ ဖြစ်ပုံပျက်ပုံအလုံးစုံကို တိတိကျကျ သိရတာ ဖြစ်ပါတယ်။ ကျန် ၁၀ ဦးကို သတ်ပြီး လျှိုထဲကို ပစ်ချထားခဲ့ကြပါတယ်။ တပ်မတော် စစ်ကြောင်းရောက်ရှိသွားချိန်မှာ လျှိုထဲပစ်ချထားခဲ့တဲ့ ၁၀ ယောက်အနက် မသေမရှင်ဖြစ်နေသူ တစ်ဦးကို တွေ့ရလို့ အမြန်ကယ်တင်ပြီး ဆေးရုံပို့ပေးခဲ့ရတယ်။ အသတ်ခံရသူတွေကိုလည်း ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ရတယ်။ အဲဒီသစ်စက် လုပ်သား ၁၁ ဦးစလုံးသာ သေဆုံးသွားခဲ့ရင် သတင်းမုဆိုးတွေက ဖြစ်ရပ်မှန်ကို ဖုံးကွယ်ပြီး တပ်ကပဲလုပ်သယောင် အတို့အထောင်လုပ်ကြဦးမှာ မြင်နေမိပါတယ်။

ပြီးခဲ့တဲ့ နှစ်လယ်လောက်မှာ ထင်ပါတယ်။ SSA-S အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးဆိုသူတွေနဲ့ သတင်းမုဆိုးအဖွဲ့တစ်ဖွဲ့ တွေ့ဆုံမေးမြန်းပြီး SSA-S အဖွဲ့က သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုထားတဲ့စာ ပေးပို့ထားကြောင်း၊ အကြောင်းပြန်ကြားချက် မရသေးကြောင်း သတင်းနဲ့ဝင်ပြီး တီးခေါက်ကြည့်တာကို ကြားလိုက်ရတယ်။ ဘယ်အဖွဲ့တွေကို ဆွဲကြည့်ထားသလဲဆိုတော့ NCUB ဆိုတာနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ အကြမ်းဖက်အဖျက်သမားအဖွဲ့တွေလေ။ ဒီပုတ်ထဲက ဒီပဲတွေပါပဲ။ နိုင်ငံတော်အစိုးရက NCGUB, FTUB, ABSDF, NLD(LA) စတဲ့ အကြမ်းဖက် အဖျက်အုပ်စုတွေကိုလည်း မတရားအသင်းနဲ့ အကြမ်းဖက်သမား (Terrorists)တွေဖြစ်ကြောင်း ကြေညာထားပြီး ဖြစ်ပါတယ်။

ABSDF အဖွဲ့ (မြောက်ပိုင်း)ဆိုရင် အချင်းချင်းဖြုတ်၊ထုတ်၊သတ်ပွဲတွေကို လက်ရဲဇက်ရဲ ကျူးလွန်ခဲ့တာပါ။ အဲဒီအဖွဲ့ဟာ ပြိုကွဲသွားပြီး အဖွဲ့ဝင်ဖြစ်တဲ့ သံချောင်းနဲ့အဖွဲ့ဟာ SSA-S ရှက်ဆစ်အဖွဲ့နဲ့ သွားပေါင်းခဲ့ပါတယ်။ သံချောင်းဟာ SSA-S ဖြစ်လာပြန်တော့လည်း အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်ခဲ့တာပါပဲ။ သံချောင်းက သူ့ကိုယ်သူ စဝ်ခွန်ကျော်လုပ်လိုက်သေးတယ်။နောက်ဆုံး နမ့်ခမ်းမြို့နယ်အတွင်းမှာ တပ်မတော်နဲ့ပြည်သူတို့ရဲ့ ဝိုင်းပတ်ပိတ်ဆို့မှုကြောင့် လက်နက်ချခဲ့ရတာဖြစ်ပါတယ်။

ABSDF ဟာ FTUB က မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေ၊ NCGUB က ပြည်ပြေးစိန်ဝင်းတို့နဲ့ပေါင်းပြီး မြို့ပေါ်တက်၊ အကြမ်းဖက်ဖောက်ခွဲပြီး လူတွေသတ်ခဲ့တာ မနည်းတော့ပါဘူး။ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော် ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲ ဗုံးဖောက်ခွဲမှု၊ စာအိတ်ဗုံးပေးပို့ဖောက်ခွဲမှု၊ ရန်ကုန်မြို့ လူစည်ကားရာနေရာ သုံးနေရာ ဖောက်ခွဲဖျက်ဆီးမှု စတာတွေကို လုပ်ဆောင်ခဲ့တဲ့ အဖွဲ့ပါ။ SSA-S က တောထဲတောင်ထဲမှာ အစုလိုက်အပြုံလိုက် သတ်တယ်။ NCGUB, FTUB, ABSDF စတဲ့အဖွဲ့တွေက မြို့ကြီးပြကြီးတွေ တက်ပြီး အစုလိုက် အပြုံလိုက် သတ်တယ်။

အဲဒီအဖွဲ့တွေ အားလုံးဟာ တော်လှန်စစ် ဆင်နွှဲနေသူတွေလား၊ ဒီမိုကရေစီအရေး လှုပ်ရှားနေတဲ့ နိုင်ငံရေးသမားတွေလား၊ နယ်မြေလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသူတွေလား။ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်အုပ်စုတွေက အကျောက်အကန်ထောက်ခံပြီး ဖုံးကွယ်ပုံဖျက်ပေးနေပေမယ့် အဲဒီ အကြမ်းဖက်အဖျက်သမားအဖွဲ့တွေဟာ ရာဇဝတ်ဘေးမှ ပြေးလို့ လွတ်နိုင်မှာ မဟုတ်ပါဘူး။ သတင်းမုဆိုးကြီးတွေကိုလည်း သူများဓားခုတ်ရာမှာ လက်ဝင်လျှိုတဲ့အဖြစ်မျိုး ရောက်မသွားစေလိုပါဘူး။ ကိုယ်က သတင်းမုဆိုး၊ SSA-S, FTUB, ABSDF စတာတွေက မုဆိုး၊ မုဆိုးအချင်းချင်း ရိုင်းပင်းနေတယ်ဆိုရင်တော့ ရှည်ရှည်ဝေးဝေး မပြောလိုတော့ပါဘူး။ ဆဒ္ဒန်ဆင်မင်းဝတ္ထုထဲက သောနုတ္တိုရ်လို လူစားမျိုးတွေပဲလို့ မှတ်ယူပါတော့မယ်။ သူတစ်ပါးကို နှုတ်စကားနဲ့ သတ်သူတွေ၊ တုတ်ဓားနဲ့ သတ်သူတွေကို စလေဦးပုညက **"လူမလိမ္မာ၊ ကျွန်မိစ္ဆာ"**လို့ ဆိုထားတယ် မဟုတ်လား။ ။

လေဘေးသင့်ရန်ပုံငွေ ပန်းချီပြပွဲ ခင်းကျင်းပြသ

သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံ-ဝင်းနိုင်(ကြေးမုံ)

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကျရောက်မှုသမိုင်းတွင် အဖျက်စွမ်းအား အကြီးမားဆုံးဖြစ်သည့် မုန်တိုင်းဒဏ်သင့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်မှာ မုန်တိုင်းတိုက်ခတ်ပြီးသည့် မေလဆန်းပိုင်းမှ ယနေ့တိုင်ဖြစ်သည်။

လေဘေးရန်ပုံငွေ ပန်းချီပြပွဲစီစဉ်သူ ကိုထွန်းဝင်းငြိမ်းရှင်းလင်းပြောကြားစဉ်။

လေမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ကူညီထောက်ပံ့မှုများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ပုဂ္ဂလိက အလှူရှင်များက ပစ္စည်းများ၊ ငွေအားများဖြင့် စဉ်ဆက်မပြတ် ပေးအပ်လှူဒါန်းလျက် ရှိကြသည်။ ထိုလှူဒါန်းမှုများထဲမှ ပန်းချီပညာရှင် များ၊ စာရေးဆရာများ၊ ပုံနှိပ်ထုတ်ဝေသူများနှင့် မိတ်ဆွေများ ပူးပေါင်းပါဝင်ကြသည့် လေဘေးရန်ပုံငွေ ပန်းချီပြပွဲကို သရဖူမဂ္ဂဇင်း၊ ဖြူတီမဂ္ဂဇင်းနှင့် စာပေလောက(၁)တို့က ပူးပေါင်း ကမကထပြုကာ ရန်ကုန်မြို့ အလံပြဘုရားလမ်း သမ္မတဟိုတယ်ပထမထပ်ရှိ ဂျေ-အက်စ်ဖာနီဗယ်ခန်းမ၌ ဇွန် ၁၄ရက် (ယနေ့)နှင့် ဇွန် ၁၅ရက်တို့တွင် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ကြေးမုံက လေဘေးရန်ပုံငွေ ပန်းချီပြပွဲအတွက် စီစဉ်ဆောင်ရွက်နေသူ ဖြူတီမဂ္ဂဇင်းမှ ကိုထွန်းဝင်းငြိမ်းနှင့် တွေ့ဆုံရာတွင် 'မိမိတို့အနေဖြင့် လေမုန်တိုင်းတိုက်ခတ်ပြီးစမှစ၍ စာပေနယ်မှ ခင်မင်ရင်းနှီးသူများ စုစည်းပြီး ဧရာဝတီတိုင်းရှိ လေဘေးသင့်မြို့ရွာများသို့ သွားရောက်စုပေါင်း လှူဒါန်းခဲ့ကြောင်း၊ သရဖူမဂ္ဂဇင်းမှ ကိုရဲမြင့်၊ စာပေလောက စာအုပ်တိုက်မှ ဦးမျိုးညွန့်နှင့် မိမိတို့ သွားရောက်လှူဒါန်းခဲ့သည့် ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပျက်စီးဆုံးရှုံးမှုများကို မြင်တွေ့ခဲ့ရပြီး အခြားမိမိတို့ မရောက်သေးသည့် ဘိုကလေး၊ လပွတ္တာ၊ ဟိုင်းကြီးဒေသကြီးများ၏ ပျက်စီးဆုံးရှုံးမှုမည်မျှကြီးမားမည်ကို မှန်းဆကြည့်မိကြကြောင်း၊ ယခုလိုကြီးမားတဲ့သဘာဝဘေး ကြီး ဖြစ်ပေါ်ခဲ့လို့ ပျက်စီးဆုံးရှုံးမှုများအတွက် ကူညီကယ်ဆယ် ပြန်လည်ထူထောင်မှုများကို နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များတွင် ပုံနှိပ်ဖော်ပြမှုများဟာ သမိုင်းမှတ်တမ်းတင်ခဲ့သလို မိမိတို့စာပေထုတ်ဝေရေး၊ မဂ္ဂဇင်းထုတ်ဝေရေးလောကနှင့်

ခေါင်းနှင့် ပန်းသဖွယ် ဆက်စပ်နေသော စာနယ်ဇင်းသရုပ်ဖော်ပန်းချီ ပညာရှင်များနှင့် အခြားသော ပန်းချီပညာရှင် အသီးသီးတို့ကလည်း ခံစားမှုအမျိုးမျိုးဖြင့် ရေးဆွဲတင်ပြခြင်းဖြင့် ပုံရိပ်များအား ထင်ဟပ် မှတ်တမ်းတင်နိုင်ကြောင်းကို တွေးမိကြပြီး လေဘေးရန်ပုံငွေ ပန်းချီပြပွဲ ပြုလုပ်ရန် စိတ်ကူးအကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ကြောင်း။

မိမိတို့နှင့် ဆရာဝင်းဖေမြင့်၊ ဆရာဖေညွန့်ဝေတို့ ပူးပေါင်း ဆက်စပ်လုပ်ဆောင်မှုကြောင့် ဤပြပွဲကို ပန်းချီပညာရှင် ၁၀၀ကျော်တို့၏ ပန်းချီကား၂၀၀ကျော် (ပန်းချီအရောင်းပြခန်းများမှ ကူညီပါဝင်ခင်းကျင်းမှု အပါအဝင်) (ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်) ခင်းကျင်းပြသနိုင်မှာဖြစ်ပြီး ပန်းချီကားများရဲ့ ၅၀ ရာခိုင်နှုန်းဟာ မုန်တိုင်းနှင့် ဆက်စပ်ပတ်သက်သော ကားများဖြစ်ကြောင်း၊ ပြပွဲတွင် ရောင်းချရသော ပန်းချီကားများမှ သက်ဆိုင်သူ ပညာရှင်၏ သဒ္ဓါတရားအရ လေဘေးဒုက္ခ ခံစားရသူများကို လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ကြေးမုံက လေဘေးရန်ပုံငွေ ပန်းချီပြပွဲမှာ ဦးဆောင်ပါဝင်သူ ပန်းချီဖေညွန့်ဝေနှင့် တွေ့ဆုံရာတွင် 'မိမိအနေဖြင့် ပန်းချီကားတစ်ကား တင်သွင်းပြသမည် ဖြစ်ကြောင်း၊

စာနာစိတ်

'လူသားချင်း စာနာစိတ်ဖြင့် ပူးပေါင်း ဆောင်ရွက်တတ်သော အစုအဖွဲ့ စိတ်ဓာတ်ကို ထုတ်ဖော်ပြသနိုင်'

ဆရာမင်းမြင့်ခိုင်

'အနုပညာနှင့် လူသားဝါဒ ပေါင်းစပ်မှု ရလဒ်ဟု ဆိုချင်' ဆရာ ဖေညွန့်ဝေ

မိမိသည် ရန်ကုန်မြို့ ၃၈ လမ်း၌ နေထိုင်ပြီး နေအိမ်ပေါ်မှ မြင်ခဲ့ရသည့် မုန်တိုင်းတိုက်ခတ်စဉ် မြင်ကွင်းကို ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ အချိန်ကာလတစ်ခု အတွင်း၌ သဘာဝဘေးဒုက္ခကို ခံစားခဲ့ရသည့် လူချင်း တူကြသော်လည်း ဆုံးရှုံးထိခိုက်မှု ပမာဏမှာ ကွာခြား ပါကြောင်း၊ ပမာဏနည်းနည်းထိခိုက်သူများက များများ ထိခိုက်သူများအတွက် မျှဝေထောက်ပံ့ရခြင်းဖြစ်သည်ဟု ပြောလိုပါကြောင်း၊ အနုပညာနှင့် လူသားဝါဒ ပေါင်းစပ်မှု ရလဒ်ဟု ဆိုချင်ပါကြောင်း' ပြောကြားသည်။

ဆက်လက်၍ ပန်းချီ မင်းမြင့်ခိုင်က ၎င်းအနေဖြင့် "မုန်တိုင်းပုံရိပ် ပန်းချီကား ရေးဆွဲနိုင်ခြင်း မရှိသော်လည်း ပန်းချီကားတစ်ကား တင်သွင်းပြသမည် ဖြစ်ကြောင်း၊ ဤကဲ့သို့ အချိန်တိုအတွင်း လေဘေးရန်ပုံငွေ ပန်းချီပြပွဲ တစ်ခု စည်စည်ကားကား ကျင်းပနိုင်ခြင်းသည် သာမန်စွမ်းဆောင်မှု မဟုတ်ပါကြောင်း၊ လူသားချင်းစာနာစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်သောအစုအဖွဲ့ စိတ်ဓာတ်ကို ထုတ်ဖော်ပြသနိုင်သည်ဖြစ်၍ ဂုဏ်ယူပါကြောင်း" ပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့သည် YA Group မှ ပန်းချီဆရာမ အေးငြိမ်းမြင့်နှင့် ပန်းချီကျော်လင်းတို့ကို တွေ့ဆုံခဲ့ရာ အေးငြိမ်းမြင့်က 'Still Life'(သက်ငြိမ်)ပုံ အရေး

မုန်တိုင်းအလွန်-၁

ပန်းချီကျော်လင်း၏ လက်ရာ ပြပွဲတင် 'မုန်တိုင်းအလွန်-၁' ပန်းချီကားကိုတွေ့ရစဉ်။

များသူဖြစ်၍ ယခုပြပွဲတွင်လည်း Pastal နှစ်ကား တင်သွင်းပြသမည်ဖြစ်ကြောင်း၊ မိမိခံစားခဲ့ရသည့် ဆင့်ပွား မုန်တိုင်းပုံရိပ်များဖြစ်၍ ပြပွဲခေါင်းစဉ်နှင့် လိုက်ဖက် မည်ဟု ထင်ပါကြောင်း ပြောကြားသည်။

ပန်းချီ ကျော်လင်းက 'မုန်တိုင်း'တိုက်ခတ်ပြီး တစ်ရက်အကြာတွင် မိမိဇာတိ လပွတ္တာသို့ ပြန်ခဲ့ကြောင်း၊ ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးခဲ့သည့် လပွတ္တာမြို့ မြင်ကွင်းကို မေ့မရနိုင်ကြောင်း၊ ယခုပြပွဲတွင် **မုန်တိုင်းအလွန်-၁၊ ၂** အမည်ဖြင့် နှစ်ကား တင်သွင်း ပြသမည်ဖြစ်ကြောင်း၊ အနုပညာဒါန ပြုခွင့်ရသည့်အတွက် ကြည်နူးမိကြောင်း၊ မိမိ၏ ကားများမှာ မုန်တိုင်းကြောင့် ကိုင်းဖျား၊ ကိုင်းနား ကျိုးပဲ့ပျက်စီးသော်လည်း ထူထူမတ်မတ် ရှိနေသေးသည့် သက်ရင့်ပင်ကြီးတစ်ပင်၏ မြင်ကွင်းကို အလှတရား တစ်ခု ပေါင်းထည့်ရှုမြင် ရေးဆွဲထားကြောင်း၊ ကျိုးပဲ့ပျက်စီးသွားပေမယ့် အလှတရားတစ်ခုရှိသည်ဟု ဖော်ပြလို၍ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဇွန် ၁၄ရက်(ယနေ့)နှင့် ၁၅ရက်တွင် ကျင်းပမည့် လေဘေးရန်ပုံငွေ ပန်းချီပြပွဲ(Nargis Relief Art Show) သည် ဖြူစင်သောရည်ရွယ်ချက်၊မြင့်မားသောသဒ္ဓါတရားတို့ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ၊ ရှုထောင့်စုံသော ပန်းချီမြင်ကွင်းစုံ ဖြစ်သည်မို့ စုစည်းသော၊ တက်ကြွသော အနုပညာ လောကသားတို့၏ စေတနာပြပွဲတစ်ခု အဖြစ် မှတ်မှတ်ထင်ထင် ရှိနေမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ရိပ်သာယောဂီဆောင် ဆောက်လုပ်ရန်အတွက် မိဘများဖြစ်သည့် ကျေးဇူးရှင်ဆရာကြီး (ဦးကြည်)နှင့် ဒေါ်မြကြည်တို့အား အမှူးထား၍ ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်းရပ်ကွက် လမ်း(၁၄၀)နေ ဦးငွေဇင်-ဒေါ်မာလာအေးနှင့် သား၊သမီးမြေးတစ်စုတို့က အလှူငွေကျပ်နှစ်သိန်းကို ဒုတိယအကြိမ်လှူဒါန်းရာ နာယက၊ ဓမ္မကထိက ဆရာဦးသိန်းဆွေ(ဓနုဖြူ)နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့ လက်ခံယူစဉ်။ (က-ပ)

ကျိုက္ကစံဆံတော်ရှင်စေတီတော် ဘက်စုံပြန်လည်မွမ်းမံရန်အတွက် ဗဟန်း မြို့နယ် ရွှေတောင်ကြားလမ်းနေ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နုတို့အား အမှူးထား၍ ကိုခန့်စည်သူ မိသားစုတို့က အလှူငွေကျပ် ၁၀၀၀၀၀၀ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဌ သီဟသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေနှင့်ဂေါပကအဖွဲ့ဝင် ဦးမြင့်သိန်း၊ ဦးအေးဖေ၊ ဦးကြည်မောင်နှင့် ဦးတင်အောင်တို့ လက်ခံယူစဉ်။(က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အနောက်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ကြို့ကုန်းအနောက်ရပ် ရွှက်လှ လမ်းနေ ဦးအေးမင်း-ဒေါ်အေးအေးကြွယ် မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကို လက်ခံယူစဉ်။ (ကြေးမုံ)

ရေဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ကူးစက်ရောဂါ ဖြစ်ပွားခြင်းနှင့် ငတ်မွတ်ခြင်းများဖြစ်ပွားမှု မရှိကြောင်း မစ္စတာဂျွန်ဟုမ်း ပြောကြား

နယူးယောက် ဇွန် ၁၃

မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် တစ်လအတွင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့် ငတ်မွတ်ခြင်းများ ဖြစ်ပေါ်မှုမရှိသည်ကိုတွေ့ရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဂျွန်ဟုမ်းက ပြောကြားသည်။

အာရှ လူမှုရေးအဖွဲ့အစည်းက မကြာမီက နယူးယောက်မြို့တွင် ကျင်းပသော ကယ်ဆယ်ရေး ကျွမ်းကျင်သူများ ဆွေးနွေးပွဲတွင် ကုလသမဂ္ဂတာဝန်ရှိသူ မစ္စတာဂျွန်ဟုမ်းက အထက်ပါအတိုင်း မှတ်ချက်ချခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအလုပ်သမားများသည် မုန်တိုင်းဒဏ် အပြင်းထန်ဆုံးခံရသည့် ကျေးရွာများအထိ ရောက်ရှိခဲ့ကြကြောင်း၊ ခြုံ၍သုံးသပ်ရလျှင် အခြေအနေကောင်းလာနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံအစိုးရ၏ ခွင့်ပြုချက်မပါရှိဘဲ အတင်းအဓမ္မ ကယ်ဆယ်ရေးပစ္စည်းများ ပေးဝေရန် ကြိုးပမ်းခြင်းသည် ဒုက္ခသည်များအတွက် အကျိုးဖြစ်ထွန်းမည်မဟုတ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

အင်တာနက်။

တရုတ်နိုင်ငံအလယ်ပိုင်း ဟေနန်ပြည်နယ် ယွမ်ရန်ဒေသတွင် ဂျုံခင်းများအား ရိတ်သိမ်းနေသည်ကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်ဆေးအကာအကွယ်ပေးရေးအဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ရောက်ရှိ ညီအစ်ကိုမောင်နှမများသဖွယ် ချစ်ချစ်ခင်ခင်ညှိညှိနှိုင်းနှိုင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း အဖွဲ့ခေါင်းဆောင်ပြောကြား

မနီလာ ဇွန် ၁၃

အင်အား ၃၀ ပါဝင်သော ဖိလစ်ပိုင်ဆေးအကာအကွယ်ပေးရေးအဖွဲ့သည် ဇွန် ၉ ရက် (တနင်္လာနေ့)တွင် မြန်မာနိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်သို့ ပြန်လည်ရောက်ရှိလာသည်။ ထိုအဖွဲ့တွင် ဖိလစ်ပိုင်ကျန်းမာရေးဌာနမှ ဆရာဝန်၊ သူနာပြု၊ စိတ်ရောဂါအထူးကုနှင့် လူမှုဝန်ထမ်းလုပ်သားများ စုစုပေါင်းအင်အား ၃၀ ပါဝင်သည်။ ၎င်းတို့အဖွဲ့သည် မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လပွတ္တာ လေဘေးကယ်ဆယ်ရေးစခန်းသို့ မေ ၃၀ ရက်တွင် ရောက်ရှိခဲ့ကြသည်။ မြန်မာနိုင်ငံ၌ရှိနေစဉ် ဧရာဝတီတိုင်းရှိ မြို့နှစ်မြို့နှင့် ရန်ကုန်တိုင်းရှိ မြို့နှစ်မြို့တို့သို့ ၁၅ ရက်ခရီး သွားရောက်ခဲ့ကြခြင်းဖြစ်သည်။

အဖွဲ့ခေါင်းဆောင် ဒေါက်တာ အာမဲရစ်ဗီးရားက ၎င်းတို့အဖွဲ့သည် စစ်ဘက်နှင့် အရပ်ဘက်ဝန်ထမ်းများနှင့် အတူတကွ အလုပ်လုပ်ကိုင်ခဲ့ကြပြီး ညီအစ်ကိုမောင်နှမများသဖွယ် ချစ်ချစ်ခင်ခင်ညှိညှိနှိုင်းနှိုင်းရှိကြောင်း၊ မြန်မာနိုင်ငံ အစိုးရက ပြည်ပ ကယ်ဆယ်ရေး လုပ်သားများကို ဝင်ခွင့်ပြုရန် သဘောတူပြီးနောက် ပထမဦးဆုံး လာရောက်သောအဖွဲ့မှာ ဖိလစ်ပိုင် ဆေးအကာအကွယ်ပေးရေး အဖွဲ့ဖြစ်ကြောင်း၊ကုလသမဂ္ဂဦးဆောင်ပြီး အာဆီယံကျောထောက်နောက်ခံပြုသော အလှူရှင် ကွန်ဖရင့်ကိုလည်း မြန်မာနိုင်ငံအစိုးရက တံခါးဖွင့် ကျင်းပခွင့်ပြုခဲ့ကြောင်း၊ ၎င်းတို့ ပတ်ဝန်းကျင်တွင် စစ်သားတွေရှိနေသည်ဟု အချို့ကပြောကြသော်လည်း ၎င်းအနေဖြင့် မည်သို့မျှခံစားရခြင်း မရှိခဲ့ကြောင်း၊ ဖိလစ်ပိုင် ဆေးအကာအကွယ်ပေးရေးအဖွဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်မြို့သို့ ပြန်ရောက်သောအခါ ဂုဏ်သရေရှိ လူကြီးများကို ဧည့်ခံသော ဧည့်ခံပွဲဖြင့် ဧည့်ခံခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနှင့် အစိုးရအရာရှိကြီးများ ရှေ့မှောက်တွင် ၎င်းတို့အဖွဲ့အား ကြိုဆိုခဲ့ကြကြောင်း၊ ၎င်းတို့ အဖွဲ့၌ပါရှိသော ၁၃ တန်ခန့် လေးသည့် ဆေးဝါးများနှင့်ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်ရန် မြန်မာနိုင်ငံအစိုးရက ထရပ်ကားတစ်စီး ပံ့ပိုးပေးခဲ့ကြောင်း၊ မည်သည့်ပြဿနာမျှ ဖြစ်ပွားခဲ့ခြင်း မရှိဘဲ စည်းစည်းလုံးလုံးရှိခဲ့ပြီး ၎င်းတို့အဖွဲ့အနေဖြင့်လည်း မြန်မာနိုင်ငံတွင် ဆေးအကာအကွယ်နှင့်ပတ်သက်သည့် လုပ်ငန်းများမှလွဲပြီး အခြားမည်သည့် ကိစ္စကိုမျှ ဝင်ရောက်စွက်ဖက် ပါဝင်ခဲ့ခြင်းမရှိပါကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင် ဒေးလီးအင်ကွာရာ သတင်းစာသို့ ပြောကြားခဲ့သည်။

ဒေါက်တာရစ်ဗီးရားက လေဘေးသင့်ပြည်သူအများစုမှာ အအေးမိနှာစေးသည့် ဝေဒနာကို ခံစားနေကြရကြောင်း၊ ၎င်းတို့အား စိတ်ဓာတ်ရေးရာအရ နှစ်သိမ့်အားပေးရန်လည်း လိုအပ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

၎င်းအဖွဲ့တွင်ပါဝင်သော ဝီလျံဆာဘာတာကလည်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ ၎င်းရောက်လျှင်ရောက်ချင်း မုန်တိုင်းဒဏ်ကြောင့် အပျက်အစီးများကို မြင်တွေ့ခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရလေ့ရှိသည့် ဖိလစ်ပိုင်နိုင်ငံ ဘီကိုးလ်မြို့ဇာတိ ဖြစ်သော်လည်း သူ့အတွေ့အကြုံအရ ဤမျှ အပျက်အစီးကြီးမားပုံမျိုးကို မတွေ့မြင်ဖူးခဲ့ကြောင်း၊ရှေ့နောက်ဝဲယာတွင် တောင်တစ်လုံးမျှမရှိဘဲ မြစ်လက်တက်များစွာရှိသည့် ဒေသဖြစ်ကာ မြေမျက်နှာပြင်မှာ ညီညာပြန့်ပြူးနေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

လူမှုဝန်ထမ်းလုပ်သားတစ်ဦးဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာ ဝေဒနာများကို ကုသပေးခဲ့သူ ဂျင်ဘွာရီယာက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများမှာ ဤမျှပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းကို တွေ့မြင်ခဲ့ဖူးခြင်း မရှိကြောင်း ပြောကြားခဲ့သည်။

ဆေးအကာအကွယ်ပေးရေးအဖွဲ့သည် အဆိုပါ လေဘေးသင့်ဒေသများတွင် ဖိလစ်ပိုင်ကျေးရွာများ၌ အသုံးပြုသည့် လက်လုပ်ရေစစ်ကိရိယာနှင့်ပတ်သက်ပြီး ဟောပြောသင်ပြပေးခဲ့ကြောင်း၊ ယင်းရေစစ်ကိရိယာသည် မြန်မာနိုင်ငံ၌ ရေစစ်ရာတွင် အသုံးပြုသည့် သဲကြမ်း၊ ကျောက်စရစ်ခဲများနှင့် ရွှံ့စေးတို့ ပါဝင်သော ကိရိယာမျိုးဖြစ်ကြောင်း ဆာဘာတာက ပြောပြသည်။

ဖိလစ်ပိုင် ဆေးကာအကွယ်ပေးရေး အဖွဲ့ဝင်များသည် ခရီးသည်တင် လေယာဉ်ဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ပြီး ဇွန် ၉ ရက် ည ၇ နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

အင်တာနက်။

တောင်ကိုရီးယားနိုင်ငံသို့ အမေရိကန်မှ အမဲသားများ တင်ပို့သည့် အစီအစဉ်နှင့်ပတ်သက်၍ ကန့်ကွက်ဆန္ဒပြသူများ အစိုးရရုံးသို့ သွားရောက်နိုင်ခြင်းမရှိစေရန် ရဲတပ်ဖွဲ့က ကွန်တိန်နာ အတားအဆီးများ ချထား၍ ပိတ်ဆို့ထားသည်ကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမျိုးသမီးများ၏ ထောက်ခံမှု အိုဘားမား ပိုမိုရရှိလျက်ရှိ

ဝါရှင်တန် ဇွန် ၁၃

အမေရိကန် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဘာရက်အိုးဘားမားသည် သမ္မတလောင်း ရွေးချယ်ပွဲတွင် အနိုင်ရရှိပြီး မကြာမီ အမျိုးသမီးမဲဆန္ဒရှင်များ၏ ထောက်ခံမှု ပိုမိုရရှိကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

ဇွန် ၅ ရက်မှ ၉ ရက်အထိ ကောက်ခံခဲ့သော ဂေါလပ်စစ်တမ်းတွင် ဘာရက်အိုဘားမားသည် အမျိုးသမီး မဲဆန္ဒရှင်များ၏ ၅၁ ရာခိုင်နှုန်း ထောက်ခံမှုရရှိပြီး ပြိုင်ဘက် ရီပတ်ဘလီကန်သမ္မတလောင်း ဂျွန်မက်ကိန်းက ၃၈ ရာခိုင်နှုန်း ရရှိကြောင်း နှိုင်းယှဉ်ဖော်ပြသည်။

ရက်သတ္တပတ်အစောပိုင်းက ကောက်ခံသော အခြား စစ်တမ်းတစ်ခုတွင် အမျိုးသမီး မဲဆန္ဒရှင်များ၏ ထောက်ခံမှု၌ အိုဘားမားသည် ဂျွန်မက်ကိန်းထက် ၅ ရာခိုင်နှုန်း အသာစီးရလျက်ရှိသည်။

သက်ကြီးရွယ်အိုများနှင့် အိမ်ထောင်သည် အမျိုးသမီးများက ကလင်တန်ကို ထောက်ခံရာမှ အိုဘားမားကို ပြောင်းလဲထောက်ခံခြင်းသည် အိုဘားမားအား ထောက်ခံသူများ တစ်စတစ်စ များပြားလာခြင်းအကြောင်းတစ်ချက်ဖြစ်ကြောင်း ဂေါလပ်စစ်တမ်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝက်ရူးပြန်ရောဂါကုသရာ၌ သုံးသည့်ဆေး

သေကြောင်းကြံစည်စေသည့် အတွေးအခေါ်နှင့်အမူအရာ ဖြစ်ပေါ်စေဟုဆို

နယူးယောက် ဇွန် ၁၃

ဝက်ရူးပြန်ရောဂါဆေးသုံးစွဲမှုသည် သေကြောင်းကြံစည်လိုသည့် အတွေးအခေါ်များနှင့် အမူအရာများ ပေါ်ပေါက်စေမည့် အန္တရာယ်ဖြင့် ဆက်နွယ်မှု အများအပြားရှိနေကြောင်း လေ့လာဆန်းစစ်သူများက ဇွန် ၁၁ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါအချက်သည် ဝက်ရူးပြန်ရောဂါဆေး ၁၁မျိုးပါဝင်သော အုပ်စုတစ်စုအား လေ့လာကြည့်ရာမှ စားနပ်ရိက္ခာနှင့် ဆေးဝါးအာဏာပိုင်အဖွဲ့(အက်ဖ်ဒီအေ)မှ ပြန်လှန်သုံးသပ်သူများ၏ အစီရင်ခံစာအရသိရသည်။ နေ့စဉ် ဝက်ရူးပြန်ရောဂါရှင် ၁၀၀၀ မှ နှစ်ဦးခန့်အား ဝက်ရူးပြန်ဆေးပေးကုသရသည်ဟု အက်ဖ်ဒီအေက ဖော်ပြသည်။

ဖော်ပြပါ တွေ့ရှိချက်များသည် အက်ဖ်ဒီအေက ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည့် တွေ့ရှိချက်များနှင့် ကိုက်ညီမှုရှိသည်ဟု ၎င်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဆန်ဒီပေါ့ခ်ျက ပြောကြားသည်။

လေ့လာခဲ့သော ဝက်ရူးပြန်ကုသဆေးများတွင် လိုင်ရီကာ၊ လယ်မစ်တယ်၊ တိုပါမက်နှင့် ဒီပါကုတ် စသည့် ဆေးဝါးများ ပါဝင်သည်။

အဆိုပါ ဆေးဝါးများအား ဆရာဝန်များက အညွှန်းပြု အသုံးခိုင်းရာတွင် သေကြောင်းကြံစည်လိုသည့် စိတ်ဓာတ်နှင့် အမူအယာများ တွေ့ရှိရသည်ဆိုသည့်သတင်းများနှင့်ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် အက်ဖ်ဒီအေက ဆေးဝါးထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

အင်တာနက်။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေဿလိပုဏ္ဏားများ(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။